# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# နဝမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

## (၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၄၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၄၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၁-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့အစည်းအဝေးသို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေနဲ့ တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် ၃၄၈ ဦး တက်ရောက်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၇၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၅၃ ဦးကတော့ ယခင်ကခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၂၁ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၂) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၃ ရက်၊

(၃) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၄) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၃ ရက်၊

(၅) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၃ ရက်၊

(၆) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၇) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၃ ရက်၊

(၈) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၉) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၃ ရက်၊

(၁၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်း ခွင့် ၃ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးညီညီဇော် ခွင့် ၃ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွေး ခွင့် ၃ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်အောင်ကျော် ခွင့် ၃ ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသန်းနိုင်လွင် ခွင့် ၃ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြသိန်း ခွင့် ၃ ရက်၊

(၁၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသော်ဇင် ခွင့် ၃ ရက်၊

(၁၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဟန်စိုးထွဋ် ခွင့် ၃ ရက်၊

(၁၉) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၂၀) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်နှင့်

(၂၁) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၃ ဦး ယနေ့ခွင့်ပြုထားသူ ၂၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၇၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**သံလွင်မြစ်ပေါ်တွင်ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်း ခြောက်ခုနှင့် ပတ်သက်၍ ကောင်းကျိုး၊ ဆိုးကျိုးများ သုံးသပ်ပြီး ဆောလျင်စွာ အကောင်အထည်ဖော်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်းရှင်းပြရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်ကိုယ်စား လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်

ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်ခင်ဗျား။ ယခု ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်ကိုယ်စား သံလွင်မြစ်ပေါ်မှာ ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်းပြီးတော့ မေးခွန်းမေးမြန်းခွင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ သဘာဝ အရင်းအမြစ်များအပေါ်အခြေခံ၍ စွမ်းအင်ထုတ်ယူသုံးစွဲရန် အခွင့်အလမ်းအများဆုံးရရှိပိုင်ဆိုင်ထားသောနိုင်ငံဖြစ်ပါတယ်။ အာဆီယံနိုင်ငံများအတွင်း၌ ရင်ပေါင်တန်းနိုင်ရန်အတွက် ထိုးဖောက်ဆောင်ရွက်သွားမယ့် လမ်းကြောင်းတစ်ခုအဖြစ် ထင်မြင်ယူဆမိပါတယ်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာသုံးစွဲနိုင်ရေးဟာ ပိုမိုအရေးပါသော ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ သံလွင်မြစ်ပေါ်မှာ ဆောင်ရွက်မယ့် ရေအားလျှပ်စစ်စီမံကိန်း ခြောက်ခု၊ ၁၅၀၀၀ မဂ္ဂါဝပ်ပြီးစီးသွားမည်ဆိုပါက နိုင်ငံခြားသို့ ပို့လွှတ်ရောင်းချနိုင်ခြင်း၊ လျှပ်စစ်မရရှိသေးတဲ့ ဒေသများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိခံစားနိုင်တာနဲ့အတူ နိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိလာမှာဖြစ်ပါတယ်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ နိုင်ငံတော်သမ္မတထံမှ ပေးပို့လာတဲ့ လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံရန်ကိစ္စကို ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် အကျယ်တဝင့်ဆွေးနွေးချပြနိုင်ခဲ့ပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်နဲ့ နှုန်းထားသစ်တစ်ခုကို ထောက်ခံပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတော်မှ ရင်ဆိုင်ကြုံတွေ့နေရတဲ့ လျှပ်စစ်ဆိုင်ရာပြဿနာများကို ပြည်ထောင်စုလွှတ်တော်မှ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။ အလားတူ ရေအားလျှပ်စစ်စီမံကိန်းများနှင့်ပတ်သက်ပြီး ကန့်ကွက်ကြသူများ၊ ထောက်ခံကြသူ ကွဲပြားလျက်ရှိပြီး နိုင်ငံတော်မှ အကောင်အထည်ဖော်ရန်ကိစ္စနှင့်ပတ်သက်ပြီး ကောင်းကျိုး၊ ဆိုးကျိုးများကို ခွဲခြားသုံးသပ်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆွေးနွေးသင့်တယ်လို့ ထင်မြင်ယူဆမိပါတယ်။ သို့မှသာ စီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပြီး အကျိုးအမြတ်ရလဒ်များကို နိုင်ငံတော်နှင့်နိုင်ငံသားများ ခံစားရရှိနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သဘာဝအရင်းအဖြစ်ဖြစ်တဲ့ ရေအားလျှပ်စစ်စီမံကိန်းများ နှင့်ပတ်သက်တဲ့ အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်

ခင်ဗျား။ သံလွင်မြစ်ပေါ်မှာ ဆောင်ရွက်မယ့် ရေအားလျှပ်စစ်စီမံကိန်း ခြောက်ခုနဲ့ပတ်သက်ပြီး ကောင်းကျိုး၊ ဆိုးကျိုးများကို သုံးသပ်ပြီး ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရှင်းလင်းပြရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက ဆောင်ရွက်သွားမယ့်လုပ်ငန်းစဉ်များကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်ကိုယ်စား လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီမှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမော်သာထွေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်ပြင်ဆင်လာတဲ့တင်ပြချက်ကတော့ Power Point နဲ့တင်ပြထားတာမှာ မိနစ် ၂၀ ခန့်ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဒီရောက်တော့ ၆ မိနစ်လောက်နဲ့ ပြီးအောင်ပြောပေးပါဆိုတော့ တစ်ဝက်လောက် ချုံ့ပစ်လိုက်မှာဖြစ်ပါတယ်။ သံလွင်မြစ်ပေါ်မှာ စီမံကိန်း တကယ်တမ်းကျတော့ ငါးခုပဲဖြစ်ပါတယ်။ အများကပြောနေကြတာ ၆ ခုဆိုတာက ဘေးကမာန်တောင်းစီမံကိန်းက သံလွင်မြစ်ထဲကိုစီးဝင်တဲ့ နမ့်မမြစ်ကနေ စီးဝင်နေတဲ့အပေါ်မှာတည်ဆောက်တာဖြစ်ပါတယ်။ စုစုပေါင်း မဂ္ဂါဝပ် ၁၅၁၈၅ ခန့် ထုတ်လုပ်ရရှိမယ်လို့ ယူဆပါတယ်။ ပုံကိုတော့ ကန့်လန့်အနီရောင်လေးကတော့ နမ့်မမြစ်ပေါ်ကဟာလေးဖြစ်ပါတယ်။ စီမံကိန်းတွေအားလုံးကို ဖော်ပြထားတာဖြစ်ပါတယ်။ တစ်ခုချင်းကို ကျွန်တော်အနည်းငယ်တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကွမ်းလုံရေအားလျှပ်စစ်စီမံကိန်းရဲ့ ကွမ်းလုံမြို့ရဲ့ မြို့နယ်ထဲမှာ ကိုနီကျေးရွာအထက်ဖက် ၄ မိုင်ခွဲခန့်မှာ သံလွင်မြစ်ပေါ်မှာ တည်ရှိပါတယ်။ ၁၄၀၀ မဂ္ဂါဝပ်ခန့် ထွက်ရှိမှာဖြစ်ပြီးတော့ တစ်နှစ်ကို ၇၁၄၂ ကီလိုဝပ်နာရီသန်းပေါင်း ဖြန့်ဖြူးမှာဖြစ်ပါတယ်။ သူ့ရဲ့မြန်မာနိုင်ငံမှာ ယနေ့ နေ့စဉ်ဖြန့်ဖြူးနေတာကတော့ ကီလိုဝပ်နာရီသန်းပေါင်း ၄၂ ဖြစ်ပါတယ်။

နိုင်းယှဉ်ကြည့်ရင် စီမံကိန်းတစ်ခုတည်းနဲ့ သိနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီထူထောင်ထားတာဖြစ်ပါတယ်။ Joint Venture အဖြစ်နဲ့ ကျွန်တော်တို့ နိုင်ငံတော်ဘက်ကပါဝင်တဲ့ ကုမ္ပဏီဖြစ်ပါတယ်။ အဲ့ဒီကုမ္ပဏီမှာ ကျွန်တော်တို့ Free Power ၁၀ ရာခိုင်နှုန်း၊ Free Share ၁၅ ရာခိုင်နှုန်းနဲ့ အဲဒီ Free Power ၁၀ ရာခိုင်နှုန်းအပြင် နောက်ထပ် ကျွန်တော်တို့ ကုမ္ပဏီကနေပြီးတော့ နောက်ထပ် မဂ္ဂါဝပ် တပ်ဆင်စက်အင်အားရဲ့ ၄၀ ရာခိုင်နှုန်းကို ကျွန်တော်တို့ ထပ်မံလိုချင်ရင် ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ နှစ်ပေါင်း ၄၀ လုပ်ကိုင်ခွင့် သတ်မှတ်ထားပါတယ်။ (30 Years + 5+5) ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အမေရိကန်ဒေါ်လာအနေနဲ့တွက်ရင် နိုင်ငံတော်ဘက်ကနေပြီးတော့ အဲဒီ အနှစ် ၄၀ အတွင်းမှာ တစ်နှစ်ကို ၇၄.၇ သန်းခန့် ကျွန်တော်တို့ ရရှိမှာဖြစ်ပါတယ်။ ရောင်းဈေးကတော့ ကျွန်တော်တို့ ကုမ္ပဏီရောင်းဈေးအတိုင်း ၄.၃ Cent အမေရိကန်ဒေါ်လာနဲ့ ကျွန်တော်တို့ ဝယ်ယူရမှာဖြစ်ပါတယ်။ ဒါကတော့ စောစောကတင်ပြတဲ့ ၄၀ ရာခိုင်နှုန်း ထပ်လိုချင်တဲ့အခါမှာ ကုမ္ပဏီကနေဝယ်ရတဲ့ဆိုတဲ့သဘောပါ။ ပြည်တွင်းမှာလည်း ကျွန်တော်တို့ Joint Venture IPPA လုပ်တယ်ဆိုရင်လည်းပဲ ကုမ္ပဏီကနေပြီးတော့ နိုင်ငံတော်အစိုးရက ဝယ်ယူပြီးတော့ဖြန့်ဖြူးပေးရတာဖြစ်ပါတယ်။ ဒီနည်းအတိုင်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ကွမ်းလုံရေအားလျှပ်စစ်စီမံကိန်းရဲ့ စီးဝင်ရေဟာ အဲဒီနေရာမှာ နှစ်စဉ် ကုဗမီတာ သန်းပေါင်း ၅၉၀၀၀ ကျော်စီးဝင်နေတာဖြစ်ပါတယ်။ အဲဒီထဲမှာ ရေလှောင်ကန်ကနေပြီးတော့ လှောင်လိုက်မယ့်ရေဟာ ၆၅၄ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ စီးဝင်ရေရဲ့ ၁ ရာခိုင်နှုန်းကျော်ကျော်ပဲ စီးဝင်တဲ့အတွက်ကြောင့်မို့လို့ ဒါ ၁ ရာခိုင်နှုန်းခန့်ကိုသာ ထိန်းသိမ်းမောင်းနှင်ပေးတဲ့ စက်ရုံအဖြစ်နဲ့ မြစ်အောက်ပိုင်းမှာ ရေကြီးခြင်း၊ ရေခမ်းခြင်းဆိုတဲ့ အကျိုးဆက်တွေ ထူးထူးခြားခြား အကျိုးသက်ရောက်မှုမရှိနိုင်ပါဘူးလို့ တင်ပြအပ်ပါတယ်။

နောက်တစ်ခုကတော့ နောင်ဖစီမံကိန်းဖြစ်ပါတယ်။ နောင်ဖစီမံကိန်းကတော့ ကျွန်တော်တို့ တန့်ယန်းမြို့နယ်၊ တာဆန်းယန်ကျေးရွာနားမှာ တည်ရှိပါတယ်။ ၁၂၀၀ မဂ္ဂါဝပ်ဖြစ်ပါတယ်။ ၆၁၈၂ ကီလိုဝပ်နာရီသန်းပေါင်း နှစ်စဉ်ထွက်ရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ MOA အဆင့် ရေထိုးပြီးဖြန့်တဲ့အတွက်ကြောင့် EIA, SIA လေ့လာ ဖို့စီစဉ်ဆောင်ရွက်လျက်ပဲရှိပါသေးတယ်။ သူ့ရဲ့ Terms and Condition တွေက အကုန်အတူတူဖြစ်ပါတယ်။ နိုင်ငံတော်ကနေ နှစ်စဉ် အမေရိကန်ဒေါ်လာ ၈၁.၈ သန်းခန့် ကျွန်တော်တို့ အကျိုးအမြတ်ရရှိနေမယ့် နှစ် ၄၀ အတွင်း နှစ်စဉ်ရရှိနေမယ့် စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ကျန်တာတွေကတော့ အကုန်လုံးအတူတူပဲဖြစ်ပါတယ်။ နောင်ဖစီမံကိန်းကလည်း ဒီလိုပါပဲ။ သူ့နေရာမှာ နှစ်စဉ် စီးဝင်ရေဟာ သံလွင်မြစ်ပေါ်မှာ ၇၁၀၀၀ ကုဗမီတာ သန်းပေါင်းခန့် ရှိပေမယ့်

သူ့ရဲ့ လျှောင်နိုင်တဲ့ပမာဏကတော့ ၈၂၃ ပဲဖြစ်ကြောင်း စီးဝင်ရေရဲ့ ၁ ရာခိုင်နှုန်းပဲ ရေကိုထိန်းပြီးတော့ လွှတ်ပေးမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရေကြီးမှု၊ ရေလျှံခမ်းခြောက်မှု အကျိုးသက်ရောက်မှုကိုမထိခိုက်စေနိုင်တာပဲဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ခုနက ကျွန်တော်တင်ပြတဲ့ ကန့်လန့်ဖြစ်နေတဲ့ နမ့်မမြစ်ပေါ်က စီမံကိန်းလေးဖြစ်ပါတယ်။ သူကတော့ ၂၂၅ မဂ္ဂါဝပ်ဖြစ်ပါတယ်။ အားလုံးကအတူတူဖြစ်ပါတယ်။ EIA, SIA လေ့လာဆဲအဆင့်ပဲရှိပါတယ်။ သူ့ရဲ့ ရနိုင်မယ့်အကျိုးကျေးဇူးကတော့ နိုင်ငံတော်အတွင်းမှာရရှိမယ့်အကျိုးကျေးဇူးကတော့ နှစ်စဉ် ၁၂.၂ အမေရိကန်ဒေါ်လာသန်း ဝင်ငွေရရှိနိုင်မယ့် စီမံကိန်းပဲဖြစ်ပါတယ်။ Terms and Condition တွေက အကုန်အတူတူပဲဖြစ်ပါတယ်။

နောက်တစ်ခုက သူ့အောက်မှာ မိုင်းတုံရေအားလျှပ်စစ်စီမံကိန်းတွေကို အဆင့်ဆင့်လုပ်နေတဲ့အချိန်မှာ ဒါလေးကို ကြားဖြတ်ပြီးတော့ တင်ပြပါရစေ။ ကျွန်တော်တို့ ပြီးခဲ့တဲ့ မတ်လတုန်းက နောင်ဖ၊ မန်တောင်းစီမံကိန်းဧရိယာထဲမှာရှိတဲ့ တန့်ယန်းမြို့နယ်မှာ သက်ဆိုင်ရာနယ်မြေခံ အဖွဲ့အစည်းတွေအားလုံးကိုဖိတ်ကြားပါတယ်။ နောက် မီဒီယာတွေကိုဖိတ်ကြားပါတယ်။ ဖိတ်ကြားပြီးတော့ ပြည်သူလူထုကို ရှင်းလင်းပွဲတစ်ခုပြုလုပ်ပါတယ်။ အဲဒီရှင်းလင်းပွဲမှာ တက်ရောက်လာကြသူများကနေပြီးတော့မှ သိလိုသည်များအားလုံးကိုမေးမြန်းခြင်း၊ ဆွေးနွေးခြင်းတွေပြုပါတယ်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးကလည်း သူတို့ပြန်လည်ဖြေကြားပေးခဲ့ပါတယ်။ အဲဒီမှာ မီဒီယာတွေလည်းပဲ တက်ရောက်ပြီးတော့ မေးမြန်းတဲ့အခါမှာ ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ မီဒီယာအသီးသီးမှာလည်းပဲ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ရေးသားဖော်ပြပေးပြီးလည်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ အဲဒီနှင့်ကပ်လျက်မှာပဲ ကွမ်းလုံစီမံကိန်းကိုပဲ နှစ်ရက်လောက်ခွာပြီးတော့ တစ်ခါ ကွမ်းလုံမြို့နယ်ခန်းမမှာတစ်ခါပြန်ပြီးတော့ ဆွေးနွေးပွဲ၊ ရှင်းလင်းပွဲလုပ်ပါတယ်။ လုပ်တဲ့အခါမှာလည်း ဒေသခံပြည်သူများနှင့်သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး တက်ရောက်ကြပါတယ်။ မေးမြန်းကြပါတယ်။ ရှင်းလင်းကြပါတယ်။ ဒေသခံပြည်သူတွေကလည်း သူတို့ သိလိုသည်များကို သူတို့မေးမြန်းပြီးတော့ နောက်ဆုံးပိတ်အများစုကတော့ စီမံကိန်းကို အကောင်အထည်ဖော်စေချင်တဲ့စေတနာနဲ့ အမြန်ဆုံးစတင်ဖို့ပဲ။ ကျွန်တော်တို့ အောက်ကိုဆက်သွားရင် မိုင်းတုံစီမံကိန်းဖြစ်ပါတယ်။ မိုင်းတုံစီမံကိန်းကတော့ FSR အဆင့်ပဲရှိပါသေးတယ်။ ကျွန်တော်တို့ ဆက်လက်ပြီးတော့ စူးစမ်းလေ့လာလုပ်ရမယ့် EIA, SIA အများကြီးကျန်ပါသေးတယ်။

နောက်တစ်ဆင့်ကတော့ ရွာသစ်စီမံကိန်းဖြစ်ပါတယ်။ ရွာသစ်စီမံကိန်းကလည်း ဒီအတိုင်းပဲဖြစ်ပါတယ်။ စူးစမ်းလေ့လာလုပ်ငန်းတွေအများကြီး လုပ်ဖို့ရှိနေပါသေးတယ်။ နောက်တစ်ခုကတော့ ဟတ်ကြီးစီမံကိန်းဖြစ်ပါတယ်။ ဟတ်ကြီးစီမံကိန်းလည်း ဒီလိုပါပဲ။ စူးစမ်းလေ့လာရေးလုပ်ငန်းတွေအများကြီး လုပ်ဖို့ကျန်နေတဲ့ စီမံကိန်းတစ်ခုပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ဒါအားလုံးနဲ့ ချိုင့်ပြီးတော့ တင်ပြမှာဖြစ်ပါတယ်။ ယနေ့ခေတ်လူနေမှုဘဝအတွက် အရာရာတိုင်းဟာ လျှပ်စစ်ဓာတ်အားသုံးစွဲရန် လိုအပ်နေတာကို တွေ့ရတဲ့အတွက်ကြောင့်မို့လို့ နှစ်စဉ် ၁၃ ရာခိုင်နှုန်းခန့် လျှပ်စစ်ဓာတ်အားဟာ နိုင်ငံတော်အတွင်းမှာ တိုးတက်ပြီးတော့ လိုအပ်လျက်ရှိပါတယ်။ ဒီအတွက် ကျွန်တော်တို့ ၂၀၁၅ ကနေ ၂၀၃၀ ကာလအထိအောင် ဓာတ်အားလိုအပ်ချက်ဟာ ကြီးမားစွာရှိနေသေးတာကို ကြိုတင်တွက်ချက်လို့ရပါတယ်။ ဒီလိုဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် နိုင်ငံတော်အနေနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် စီမံကိန်းများရဲ့တည်ဆောက်ရေးကာလပေါ်မူတည်ပြီးတော့ ယခုကတည်းက ရေတိုရေရှည်စီမံကိန်းများ ချမှတ်ရေးဆွဲအကောင်အထည်ဖော်မှသာလျှင် ၂၀၁၅ ခုနှစ်မှ ၂၀၃၀ ခုနှစ်ကာလအတွင်း တာဝန်ယူဆောင်ရွက်ကြရမယ့် အစိုးရအဆက်ဆက်အနေနဲ့ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။ လက်ရှိ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်ထုတ်လုပ်ပေးနေတဲ့ စက်ရုံများမှာလည်း ယခင်တာဝန်ယူခဲ့ကြတဲ့ အစိုးရအဆက်ဆက်က တည်ဆောက်ခဲ့ကြလို့ ယခုအခါမှာ မိမိတို့အသုံးပြုနိုင်တယ်ဆိုတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ ကျန်နေသေးတဲ့ မီးမရရှိသေးတဲ့ ပြည်သူ သန်း ၄၀ ကျော်အတွက် သက်သာသော ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက်လည်းကောင်း ကမ္ဘာနှင့်ယှဉ်၍ ကြွယ်ဝသောရေသယံဇာတဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအခြေခံ Water Base Economy ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးများစနစ်တကျပြုလုပ်ပြီးတော့ ဓာတ်အားခဈေးနှုန်း အသက်သာဆုံးဖြစ်စေမယ့် ရေအားလျှပ်စစ်စီမံကိန်းများကို ဆက်လက်ဆောင်ရွက်သွားသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ တကယ်လို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ကျွန်တော်တို့ လိုအပ်တဲ့ဟာတွေကို တင်ပြပါ။ ကျွန်တော်တို့ လွှတ်တော်ကိုတင်ပြပါဆိုရင်လည်း ကျွန်တော်တို့တင်ပြဖို့ အဆင်သင့်ရှိပါတယ်။ ဒါပေမယ့် အောက်က စီမံကိန်းတွေဟာ အောက်ပိုင်းကစီမံကိန်းတွေဟာ ကျွန်တော် အခုမှ စူးစမ်းလေ့လာဆဲမှာ EIA, SIA မပြီးသေးတာတွေရှိတယ်။ နောက် နိုင်ငံခြား Consultant နဲ့ငှားပြီးတော့ စစ်ဖို့ရာတွေရှိတော့ အဲဒီအပိုင်းတွေ

ကတော့ မပြီးသေးပါဘူး။ ကွမ်းလုံတစ်ခုပဲ လောလောဆယ် JVA အဆင့် ရေးထိုးထားပြီးတော့ လုပ်ငန်းစတင်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်နီနိုင်မေးခွန်းရဲ့ အဓိကအချက်ကတော့ သဘာဝအရင်းအမြစ်ဖြစ်သော ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ သံလွင်မြစ်ပေါ်တွင် ဆောင်ရွက်ရမည့် ရေအားလျှပ်စစ် စီမံကိန်းခြောက်ခုနှင့်ပတ်သက်၍ ကောင်းကျိုးဆိုးကျိုးများကိုသုံးသပ်ပြီး ဆောလျင်စွာ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရှင်းလင်းတင်ပြရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို သိရှိလိုပါသည်။ ဒီလို မေးတာဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်မှာ အခုလိုရှင်းလင်းဖို့အစီအစဉ်ရှိ/မရှိဆိုတာကို မေးမြန်းခြင်းဖြစ်ပါတယ်။ သို့ရာတွင် ပြည်ထောင်စုလွှတ်တော်မှာ ရှင်းလင်းဖို့အစီအစဉ်ရှိတယ်ဆိုရင် လည်းပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ဖိတ်ကြားပြီးတော့ ရှင်းလင်းမှုပိုပြီးတော့အဆင်ပြေမှာ ဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဒါနဲ့ပတ်သက်လို့ မဖြေသွားသော်လည်း ဒီကိစ္စဟာ အင်မတန်မှ အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်မှာ ရှင်းလင်းပေးဖို့ ကျွန်တော့်အနေနဲ့ ဒါလွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဒီလိုပဲကျွန်တော်ပြောပါမယ်။ အဲ့ဒီအတိုင်းပဲ ပိုပြီးတော့အခိုင်အမာဖြစ်သွားအောင် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော် ကျင်းပတဲ့ရက်မှာ လာရောက် ရှင်းလင်းပေးဖို့အတွက်လည်း ဖိတ်ခေါ်ပါတယ်။ အဲ့ဒီအခါမှာ ဒီလိုရှင်းလင်းတင်ပြပေးဖို့ ဖြစ်ပါတယ်။ ခုနက ဒုတိယဝန်ကြီးရှင်းလင်းတင်ပြသလို ဒီနေ့လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆိုရင် လျှပ်စစ်ဓာတ်အားဟာ မရှိမဖြစ်လိုအပ်မှာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံ မှုကို လာရောက်လုပ်ကိုင်မယ်ဆိုလို့ရှိရင်လည်း လုံလောက်ပြည့်စုံတဲ့ လျှပ်စစ်ဓာတ်အားလုံလောက်မှု မရှိတဲ့အတွက် မလာခြင်းဖြစ်ပါတယ်။ အဲ့ဒီနည်းတူ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝဟာလည်း လျှပ်စစ် မရတဲ့အတွက်၊ မလုံလောက်တဲ့အတွက် ဒီလိုဖြစ်နေတဲ့အတွက် ဒီကိစ္စဟာတစ်နိုင်ငံလုံးရဲ့ အရေးဖြစ် တယ်လို့ယူဆတဲ့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ စီစဉ်ထားတဲ့အစီအစဉ်များကို အခုလို ရှင်းလင်းတင်ပြပေးမယ်ဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်သူများမှန်ကန်စွာ နားလည်သဘောပေါက်သွားမယ့် ကိစ္စတစ်ခုဖြစ်တယ်လို့ ယူဆပါတယ်။ တချို့ တချို့ကြတဲ့အခါ ကျတော့မသိဘူး။ မသိတဲ့အတွက် တချို့ ယုန်ထင်ကြောင်ထင်ကိစ္စတွေလည်းရှိမှာပဲ။ ဒါကြောင့်မို့ ဘာပဲလုပ်လုပ် ခေတ်စနစ်နဲ့အညီဆိုရင်တော့ ပွင့်လင်းမြင်သာမှုရှိဖို့၊ တာဝန်ယူဖို့ တာဝန်ခံဆောင်ရွက် ဖို့ဆိုတာ မလွဲမသွေလိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်းရဲ့အလိုအရတော့ လျှပ်စစ်စွမ်းအား

ဝန်ကြီးဌာနအနေနဲ့ မိမိတို့တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမယ့်ကိစ္စများကို ပွင့်လင်းမြင်သာမှု ရှိအောင် ဒီလိုရှင်းပြခြင်းဟာအများအတွက် အကျိုးရှိမှာဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော် ကျင်းပတဲ့အချိန်၊ ပေးနိုင်တဲ့ရက်မှာလာရောက်ရှင်းလင်းတင်ပြဖို့ စီစဉ်ထားပါလို့ပဲ ပြောချင်ပါတယ် ခင်ဗျား။

**ကိုရီးယားနိုင်ငံ Jeju မြို့တွင် မြန်မာအလုပ်သမားတစ်ဦးသေဆုံးခြင်းကိစ္စအား မြန်မာနိုင်ငံဘက်မှ ရှေ့နေငှား၍ အမှုဆောင်ရွက်ခြင်းရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးချင်တဲ့ မေးခွန်းကတော့ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံသား အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီး ဌာနကနေ အစိုးရပြင်ပ အလုပ်အကိုင်အေဂျင်စီရဲ့အစီအစဉ်ဖြင့် ကိုရီးယားနိုင်ငံကို ၁၈-၁၂-၂၀၁၂ ရက်နေ့မှာသွားရောက်ခဲ့ပြီးတော့ Jeju မြို့စိုက်ပျိုးရေးလုပ်ငန်းမှာ လုပ်ကိုင်နေခဲ့ပါတယ်။ ဖြစ်စဉ် အနည်းအကျဉ်းကိုတင်ပြရရင်ဖြင့် အဲ့ဒီမှာ သူလုပ်ကိုင်နေစဉ်မှာ တစ်နှစ်ပြည့်ခါနီး ၂၃ ရက်နေ့ နိုဝင်ဘာလ၊ စနေနေ့မှာ အဲ့ဒီဖြစ်သွားတဲ့ကိုလှမြင့်ဆိုတဲ့ တစ်ယောက်ဟာ တစ်နှစ်ပြည့်လို့ရှိရင် မြန်မာ ပြည်ကိုပြန်လာပြီးတော့ သူက အဲ့ဒီမှာ တစ်ယောက်ထဲနေရတဲ့အတွက်ကြောင့် မနေချင်တော့တဲ့ အကြောင်း သူ့သူဌေးနဲ့ပြောရင်းဆိုရင်းနဲ့ တစ်ယောက်နဲ့တစ်ယောက် ကတောက်ကဆဖြစ်ပါတယ်။ ဖြစ်တဲ့အခါကျတော့ သူ့ဌေးက သူ့ကိုလက်သီးနဲ့ဆွဲထိုးပြီးတော့ နောက်ပြီးတော့ သူပေးထားတဲ့ ထမင်းပေါင်းအိုးတို့ စောင်တို့ကိုလည်း သိမ်းယူသွားတယ်။ စက်ဘီးကအစပေါ့နော်။ သိမ်းယူသွား ပြီးတော့ အဲ့ဒီမှာသူကတော့ ဒီအကြောင်းအရာကို မြန်မာပြည်မှာကျန်ခဲ့တဲ့ သူ့ရဲ့အမျိုးသမီးနဲ့ ဖုန်းအဆက်အသွယ်လုပ်ပါတယ်။ မြန်မာစံတော်ချိန် ည ၁၁း၃၀ ထိဖုန်းအဆက်အသွယ်ရပါတယ်။ နောက်နေ့ကျတော့ ၂၄ ရက်နေ့(တနင်္ဂနွေနေ့)မှာ ဒီသူ့အမျိုးသမီးနဲ့ မြန်မာစံတော်ချိန် ၅း၃၀ ကနေ ၇း၀၀ နာရီအထိလည်း ဖုန်းအဆက်အသွယ်ရပြီးတော့ မြန်မာစံတော်ချိန် ၉ နာရီနောက်ပိုင်းကနေ ဖုန်းအဆက်အသွယ်ပြတ်တောက်သွားပြီးတော့ ဒီဝမ်းနည်းဖွယ်သတင်းကို ကြားရတာဖြစ်ပါတယ်ရှင်။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကြိုတင်ကြံစည်မှုဖြင့် သတ်ဖြတ်ခြင်းခံရတာဖြစ်တယ်လို့သူ့ရဲ့

မိသားစုက ယူဆထားပါတယ်ရှင်။ ယခုအခြေအနေမှာ ယင်းရဲ့အလုပ်ရှင် ကိုရီးယားနိုင်ငံသားကို သူ၏နိုင်ငံဥပဒေများနဲ့ အကာအကွယ်ပြုပြီးတော့ ဆောင်ရွက်နေတာကိုလည်းသူတို့ မိသားစုအနေနဲ့ လေ့လာတွေ့ရှိခဲ့ရပါတယ်။ ထို့ကြောင့် ကျွန်မတို့ရဲ့ မြန်မာနိုင်ငံသား နိုင်ငံခြား၌အလုပ်လုပ်ကိုင်နေတဲ့ သူများရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုအတွက် မည်ကဲ့သို့ ဆောင်ရွက်နေတာကိုလည်း ကာယကံရှင်မိသားစုမှနေ၍ ကျွန်မထံအကူအညီတောင်းခံလာသဖြင့် ကျွန်မအနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်ပါတယ်ရှင်။ ကျွန်မရဲ့မေးခွန်းကတော့ (၁) ကိုရီးယားနိုင်ငံသမ္မတနိုင်ငံ Jeju မြို့မှာအသတ်ခံရပါတယ်လို့ ၎င်းရဲ့ကျန်ရစ်သူမိသားစုများယူဆထားသော ဦးလှမြင့်ရဲ့အမှုကိစ္စကို ဌာနဆိုင်ရာဝန်ကြီးအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ထားပါသလဲ။ မေးခွန်း(၂)က နိုင်ငံတော်အစိုးရအနေဖြင့် ယင်းအသတ်ခံရတဲ့အမှုကိစ္စအတွက် နိုင်ငံတော်ရှေ့နေ ငှားရမ်းထားခြင်းရှိ/မရှိကို သိရှိလို၍ ၎င်းတို့၏မိသားစုကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမဆုတောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးထင်အောင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးကို ကျွန်တော် ဦးစွာပန်ကြားလိုတာကတော့ ကျွန်တော်လည်း ပြည့်ပြည့်စုံစုံဖြေနိုင်အောင်လို့ ပြင်ဆင်လာပါတယ်။ ဒီရောက်တဲ့အခါ ခြောက်မိနစ်ပဲ ဖြေကြားရမယ့်အတွက် ကျွန်တော်တတ်နိုင်သလောက်ကို ချုံ့ပြီးတော့ ကျွန်တော် ဖြေကြားပေးပါမယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ပြည်ထောင်စုဝန်ကြီးကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုရီးယားသမ္မတနိုင်ငံ Jeju မြို့မှ သေဆုံးသွားတဲ့ မြန်မာအလုပ်သမား မောင်လှမြင့်၊ နိုင်ငံကူးလက်မှတ်အမှတ်-အမ် ၄၆၃၀၈၄ ဟာ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရဲ့ အစီအစဉ်နဲ့ ၁၈-၁၂-၂၀၁၂ ရက်နေ့မှာ ကိုရီးယားသမ္မတနိုင်ငံ Jeju မြို့၊ ဆောင်ဝေပိုမြို့နယ်မှာရှိတဲ့ ရှင်ဟေး စိုက်ပျိုးရေးလုပ်ငန်းသို့ရောက်ရှိအလုပ်လုပ်ကိုင်ခဲ့ပါတယ်။

**မူကြမ်း**

မောင်လှမြင့်ဟာ ၂၄-၁၁-၂၀၁၃ ရက်နေ့၊ ၁၄း၄၅ နာရီအချိန်မှာ ဓါးဒဏ်ရာနဲ့သေဆုံးနေကြောင်း Jeju မြို့ရှိ စောဘူရဲစခန်းက ကိုရီးယားသမ္မတနိုင်ငံ မြန်မာသံရုံးရှိ အလုပ်သမားသံအရာရှိထံကို ယင်းနေ့ ၁၈း၀၀ နာရီအချိန်မှာ အကြောင်းကြားခဲ့ပါတယ်။ သေဆုံးသူရဲ့ ဈာပနကိစ္စအတွက် လိုအပ်တာတွေဆောင်ရွက်ဖို့နဲ့ အမှုမှန်ပေါ်ပေါက်ဖို့တို့အတွက် အလုပ်သမားသံအရာရှိဟာ ကိုရီးယားသမ္မတနိုင်ငံ မြန်မာစင်တာက စင်တာမှူးနဲ့အတူ သေဆုံးသူရဲ့အမှုကိစ္စကိုစစ်ဆေးနေတဲ့ Jeju အနောက်ပိုင်းရဲစခန်းကို သွားရောက်ပြီးတော့ စခန်းအုပ်ချုပ်ရေးမှူး အမှုစစ်ရဲအရာရှိတို့နဲ့တွေ့ဆုံကာ အမှုဖြစ်ပွားမှုကို မေးမြန်းဆွေးနွေးခဲ့ရာမှာ အောက်ပါအချက်များကို သိရှိရပါတယ်။

အလုပ်သမားသေဆုံးနေမှုကို သေဆုံးသူရဲ့အိမ်ရှေ့ လမ်းတစ်ဖက်ခြမ်းအိမ်က အမျိုးသမီးနဲ့ ဘေးအိမ်က အမျိုးသမီးတို့က ၁၄း၀၀ နာရီအချိန်မှာ အလုပ်သမားနေထိုင်တဲ့အခန်းတွင်း ရင်ဝဓားစိုက်သေဆုံးနေတာကို တွေ့ရှိရခြင်းဖြစ်ပါတယ်။ ဓားဟာ မီးဖိုချောင်သုံးဓားဖြစ်ကာ ၁၄ စင်တီမီတာခန့်ရှိပြီး ဓား၏ လေးပုံ၊ သုံးပုံခန့်ဟာ ခန္ဓာကိုယ်အတွင်းစိုက်ဝင်နေကြောင်း၊ ဓားအလျားဟာ ကာယကံရှင်ကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူတစ်ဦးမှသော်လည်းကောင်း ထိုးသွင်းရင် ဝင်နိုင်တဲ့အလျားမဟုတ်တဲ့အတွက် ဓားနဲ့လူကြမ်းပြင်ပေါ်ကို မှောက်ကျထားခြင်းဖြစ်နိုင်ကြောင်း၊ မီးဖိုခန်းထဲရှိဘေစင်မှာ စိုက်ပျိုးရေးသုံး ဓာတုဗေဒဆေးရည် ပုလင်းငယ်ကို အဖုံးဖွင့်လျက် ဆေးရည် လေးပုံ၊ တစ်ပုံခန့်လျော့နည်းနေပြီး ဘေးကြမ်းပြင်မှာ အန်ထုတ်ထားတာကိုလည်းတွေ့ရှိရကြောင်း၊ သေဆုံးသူ၏ရုပ်အလောင်းကို ရင်ခွဲစစ်ဆေးမှုနဲ့ အန်ထုတ်ထားမှုတို့ကို Jeju အမျိုးသားဓါတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးထားကြောင်း၊ သေဆုံးမှုဖြစ်စဉ် ဖြစ်ပွားသည့်နေရာနဲ့ သေဆုံးသူရဲ့ကိုယ်ပေါ်မှာ အခြားသူတစ်ဦးတစ်ယောက်နဲ့ပတ်သက်တဲ့ အထောက်အထားများကိုမတွေ့ရှိရကြောင်း၊ အခင်းဖြစ်ပွားချိန်မှာ မောင်လှမြင့်ရဲ့ အလုပ်ရှင်ဟာ တစ်နာရီခန့်သွားရတဲ့အလုပ်တစ်နေရာကို ရောက်ရှိနေတာကို CCTV ရိုက်ကူးထားမှုအရ သိရှိရကာ အလုပ်ရှင်ရှိတဲ့နေရာက အခြားသူများကလည်း သက်သေခံမှုများလည်းရှိကြောင်း၊ သေဆုံးသူနဲ့ကပ်ရက် တိုက်မှာနေတဲ့ အစိုးရအငြိမ်းစားလင်မယားက အခင်းဖြစ်ပွားသည်ဟုယူဆရတဲ့အချိန်မှာ မည်သည့်အသံမှ မကြားရဟုထွက်ဆိုထားကြောင်း သေဆုံးသူရဲ့အောက်ဖက်နှုတ်ခမ်းအတွင်းမှာ သွေးခြည်ဥနေတဲ့ ဒဏ်ရာတစ်ခုတွေ့ရှိရပြီး၊ အဲ့ဒီဒဏ်ရာဟာ လက်သီးနဲ့ထိုးထားတာလို့ယူဆရတာကြောင့် အလုပ်ရှင်ကို စစ်မေးမှုပြုလုပ်ခဲ့ရာမှာ အလုပ်ရှင်က ၎င်းအနေနဲ့ ထိုးထားခြင်းမဟုတ်ကြောင်း ငြင်းဆိုထားတဲ့အတွက် မုသားဖော်စက်နဲ့ ထပ်မံစစ်ဆေးမှုပြုလုပ်ဖို့စီစဉ်ထားကြောင်း၊ အလုပ်သမားမသေဆုံးမီ တယ်လီဖုန်းပြောထားတဲ့စာရင်းကို ပြန်ကြည့်ခဲ့ရာ အလုပ်ရှင်နဲ့

အလုပ်သမားလစာငွေ၊ အလုပ်ပြောင်းရေးကိစ္စများနဲ့ ပြဿနာများရှိနေတာကိုလည်းသိရှိရကြောင်း၊ ၎င်းတို့အနေနဲ့ ရရှိထားတဲ့အထောက်အထားတွေအရ အလုပ်သမားဟာ အလုပ်ရှင်နဲ့ ပြဿနာဖြစ်ပြီး အထိုးခံရခြင်းကိစ္စတွေကြောင့် သေကြောင်းကြံစည်တယ်လို့ သုံးသပ်ကာ စစ်ဆေးပေါ်ပေါက်ပါက အလုပ်ရှင်ကိုအရေးယူရန်ရှိကြောင်း၊ အဲ့ဒီလို မေးမြန်းဆွေးနွေးရာမှာ အလုပ်သမားသံအရာရှိက သေဆုံးသူအလုပ်သမားဟာ ၂၄-၁၁-၂၀၁၃ ရက်နေ့ မနက်ပိုင်းက သူ၏ ဇနီး၊ ယောက်ဖတော်သူ သူငယ်ချင်းတို့နဲ့ ဖုန်းပြောကြရာမှာ အလုပ်ရှင်နဲ့ စကားများခဲ့ပြီး အထိုးခံရသည့်ကိစ္စကိုသာ ပြောကြားပြီး သေကြောင်းကြံစည်မယ်လို့ ယူဆရတဲ့အကြောင်းအရာတွေ ပြောဆိုထားတာကိုမတွေ့ ရှိရကြောင်း၊ မြန်မာလူမျိုးများဟာ ဘာသာတရားအဆုံးအမအရ မိမိကိုယ်ကိုယ် သေကြောင်းကြံစည်ဖို့ ခဲယဉ်းပြီး ဝန်လေးကြကြောင်း၊ ယခုကိစ္စမှာလည်း ရဲများ၏ယူဆချက်ကို သေဆုံးသူရဲ့မိသားစုများနဲ့ ကိုရီးယားသမ္မတနိုင်ငံရှိ မြန်မာအလုပ်သမား အသိုင်းအဝိုင်းမှ လက်ခံနိုင်သည့်ကိစ္စမဟုတ်ကြောင်း သေဆုံးသူနဲ့ မိသားစုအား နစ်နာမှုမရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း သံအရာရှိက ပြောကြား ခဲ့ပါတယ်။

၉-၁၂-၂၀၁၃ ရက်နေ့မှာ အလုပ်သမားသံအရာရှိဟာ အန်ဆန်မြို့ရှိ သန္တိကရဝိဟာရ မြန်မာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်၊ မြန်မာစင်တာမှ စင်တာမှူးနှင့်အတူ Jeju ရဲစခန်းကို ထပ်မံ သွားရောက်ပြီး စခန်းမှူး၊ အမှုစစ်၊ ရဲစုံထောက်တို့နှင့်တွေ့ဆုံတဲ့အခါမှာ အောက်ပါအတိုင်း ဆွေးနွေး သိရှိခဲ့ရပါတယ်။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှာ အလုပ်ရှင်နဲ့ အလုပ်သမားတို့ချုပ်ဆိုထားတဲ့ စာချုပ်ဟာ တစ်နှစ်ပြည့်မှာဖြစ်လို့ အလုပ်ရှင်က ဆက်လက်လုပ်မည်/မလုပ်မည်ကို မေးရာမှာ အလုပ်သမားက ဆက်လက်လုပ်ကိုင်မည်ဟု သဘောတူညီထားကြောင်း၊ ဒါပေမယ့် ၂၁-၁၁-၂၀၁၃ ရက်နေ့မှာ အလုပ်သမားက စာချုပ်ပြည့်ပြီးလျှင် ဆက်လက်မလုပ်ကိုင်နိုင်တော့ကြောင်း ပြောကြားသဖြင့် အဲဒီ အချိန်ဟာ ခြံလုပ်ငန်းရဲ့ အလုပ်များတဲ့အချိန်ဖြစ်တာကြောင့် စာချုပ်ဆက်လက်မချုပ်ဆိုတဲ့အတွက် အလုပ်ရှင်က စိတ်ဆိုးပြောကြားရာမှ စကားများခဲ့ကြကြောင်း၊ သေဆုံးသူရဲ့ခန္ဓာကိုယ်နဲ့ ပတ်ဝန်းကျင် မှာရုန်းရင်းဆန်ခတ်ဖြစ်ပွားထားတဲ့ အထောက်အထားမတွေ့ရှိရကြောင်း၊ သေဆုံးသူရဲ့ရင်ဝမှာ စိုက်ဝင် နေတဲ့ ဓါးလက်ကိုင်ရိုးကို DNA စစ်ဆေးမှုပြုလုပ်ရှာဖွေရာမှာ အခြားသူတစ်ယောက်ရဲ့ လက်ဗွေရာကို မတွေ့ရှိရကြောင်း၊ ယခုအသုံးပြုနေတဲ့ ပိုးသတ်ဆေးများဟာ သောက်သုံးမိရင် သောက်သုံးမိတဲ့ ပမာဏရဲ့ ၇၀ ရာခိုင်နှုန်းကို အန်ထွက်စေနိုင်တဲ့ နည်းပညာနဲ့ ထုတ်လုပ်ထားခြင်းဖြစ်တာကြောင့် ပိုးသတ်ဆေးသောက်သုံးတဲ့ လူတစ်ယောက်ကို သေစေနိုင်မှုမရှိကြောင်း၊ အလုပ်သမားသေဆုံးမှုမှာ

မိမိကိုယ်ကိုသတ်သေသည်ဟု ယူဆရတဲ့အထောက်အထားတွေကို အများဆုံးတွေ့ရှိထားပေမယ့် အခြားသူတစ်ဦးဦးက သတ်တယ်ဆိုတဲ့ အမြင်ဘက်ကလည်း စစ်ဆေးလျက်ရှိကြောင်း သိရှိရပါတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့ အလုပ်သမားသံအရာရှိဟာ ဒီ ၁၈-၁၂-၂၀၁၃ ရက်နေ့မှာ မြန်မာကျောင်း သင်္ဃိကရဝိဟာရ မြန်မာဘုန်းတော်ကြီးကျောင်းမှ ဆရာတော်၊ မြန်မာစင်တာမှ စင်တာမှူး မြန်မာ အသင်းဥက္ကဌ အလုပ်သမားရေးရာကိစ္စများကို ကူညီဆောင်ရွက်တဲ့ သူတစ်ဦးတို့နဲ့ညှိနှိုင်းပြီးတော့ သေဆုံးသူရဲ့ယောက်ဖ ကိုရီးယားသမ္မတနိုင်ငံရှိ မွန်အသင်းနဲ့ မိသားစုတို့ရဲ့ ဆန္ဒသဘောထားကို ရယူပြီးတော့ ရဲစခန်းကနေ ရုပ်အလောင်းကိုထုတ်ယူကာ တရားဝင်စာဖြင့် ကိုရီးယားသမ္မတနိုင်ငံတော် နိုင်ငံရဲ့စရိတ်နဲ့သင်္ဂြိုလ်ပေးခဲ့ပါတယ်။ နောက်တစ်ခါ Jeju ရဲစခန်းက ဓါတ်ခွဲခန်းစစ်ဆေးချက်တွေမှာ အရက်နဲ့ ပိုးသတ်ဆေးသောက်ထားတဲ့အဖြေရရှိပြီး အပြီးသတ်စုံစမ်းမှုကတော့ အခြားသူတစ်ဦးနှင့် လုပ်ဆောင်မှုကြောင့် သေဆုံးခြင်းမဟုတ်ဘဲ ဓားနဲ့ မိမိကိုမိမိသတ်သေခြင်းဖြစ်တယ်လို့ အဖြေထွက်ရှိ တာကိုရရှိပြီးတော့ အဲ့ဒီလို အမှုကိုအဆုံးသတ်ထားတယ်လို့ တွေ့ရှိရပါတယ်။ အလုပ်သမားအား အလုပ်ရှင်က ထိုးကြိတ်ထားတဲ့အမှုနဲ့ပတ်သက်ပြီးတော့ စစ်ဆေးဖို့ကိုလည်း စစ်ဆေးရာမှာလည်း အလုပ်ရှင်က မထိုးကြောင်းငြင်းဆိုထားပေမယ့် မှသားဖော်စက်မှာ အကြိမ်ကြိမ်စစ်ဆေးခဲ့ရာမှာ လိမ်လည်ပြီးထွက်ဆိုတယ်လို့ အဖြေထွက်ရှိတာကြောင့် အရေးယူနိုင်ဖို့တရားရုံးကို လွှဲပို့ထားတယ်လို့ ရဲစခန်းက ပြောကြားပါတယ်။ အဲ့လိုသေဆုံးမှုနဲ့ပတ်သက်ပြီးတော့ အလုပ်သမားသံအရာရှိဟာ ကိုရီးယားနိုင်ငံမှာရှိတဲ့ Labour Attorney's Corporation ACE မှတာဝန်ရှိသူများ၊ (Jihyang)မှာ Attorney at Law Labour Law Consulting Group Chamber Certified Public Labour Attorney၊ တရားရုံးဝန်ကြီးဌာနမှ အငြိမ်းစားယူထားတဲ့ ဥပဒေအရာရှိတို့ပါဝင်တဲ့ ဥပဒေအကြံပေး အဖွဲ့တစ်ခုနဲ့ ဆွေးနွေးညှိနှိုင်းခဲ့ပြီးတော့ အကယ်၍ မိမိကိုယ်ကိုသတ်သေတာ ဖြစ်ခဲ့လို့ရှိရင်တော့ အသက်အာမခံ ငွေကြေးရရှိဖို့နည်းပါးပါတယ်။ အမှုဖြစ်စဉ်က အခြားတစ်စုံတစ်ဦးက သတ်တယ်ဆိုတဲ့ ပစ္စည်းသတ်သေ၊ လူသတ်သေခိုင်လုံစွာမရှိတာကို တွေ့ရှိရတယ်။ အလုပ်သမားအရာရှိကတော့ အသေးစိတ်အမှုတွဲကို တောင်းခံရရှိပြီးပါက ဝိုင်းဝန်းဖတ်ရှုပြီး ဆွေးနွေးလိုပါတယ်။ ထပ်မံ၍စစ်ဆေး ပေးဖို့ တောင်းဆိုမှာဖြစ်တဲ့အတွက် ဥပဒေရှုထောင့်က လိုအပ်တာတွေကူညီပေးပါဆိုတော့ ၎င်းတို့က ကူညီပေးမယ်လို့ ရရှိခဲ့ပါတယ်။ နောက်အဲ့ဒီတစ်ချိန်တည်းမှာပဲ အလုပ်ရှင်ရဲ့သမီးက ဒီလက်သီးထိုး တဲ့ကိစ္စနဲ့ပတ်သက်လို့ အမှုကိုကြေအေးလိုကြောင်းနဲ့ ဂရုဏာကြေးဖြင့် ဝမ်သိန်း ၃၀ ပေးမယ်လို့ ကမ်းလှမ်းခဲ့တဲ့အတွက် သေဆုံးသူရဲ့ဇနီးကိုမေးမြန်းရာမှာ အမှုတွဲအသေးစိတ်ရရှိပြီး ဆောင်ရွက်နိုင်မှု

အခြေအနေအပေါ် စဉ်းစားလိုပါကြောင်း ပြောကြားတဲ့အတွက် အလုပ်ရှင်ဘက်သို့လည်း မိသားစုမှ အကြောင်းပြန်ကြားလာပါက ဆက်သွယ်ပြောကြားမယ်လို့ ပြောကြားထားပါတယ်။ ယခုကိစ္စနဲ့ ပတ်သက်လို့ အလုပ်သမားသံအရာရှိအနေနဲ့ ရဲစခန်းက သေဆုံးသူရဲ့ အမှုအသေးစိတ်အမှုတွဲ တောင်းခံရရှိပြီးဖြစ်လို့ ဥပဒေအကျိုးဆောင်အဖွဲ့အစည်းများ၊ အလုပ်သမားများရဲ့ အကျိုးကို ဆောင်ရွက်ပေးနေတဲ့ မြန်မာလူမှုအဖွဲ့အစည်းများ၊ ဥပဒေနားလည်သူတွေများနဲ့ အမှုတွဲပါ အသေးစိတ် အချက်အလက်များကို ဆွေးနွေးကာ အမှုကို ပြန်လည်စစ်ဆေးပေးနိုင်လောက်တဲ့အထောက်အထား တွေရရှိခဲ့ရင်အမှု ပြန်လည်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စေတနာထားပြီး မေးတဲ့သူက မေးသလို ဖြေကြားတဲ့သူကလည်း စေတနာအပြည့်နဲ့ ကြိုးစားဆောင်ရွက်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ မေးသူ များကလည်း ပြည်သူ့ကိုယ်စားလှယ်များဖြစ်သလို ဖြေကြားသူများကလည်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းဟာ မေးတဲ့လူကလည်း ကတိဖြစ်စေနိုင်တဲ့အမေး တိုတိုနဲ့လိုရင်းမေးနိုင်ဖို့အတွက် အချိန်ကန့်သတ်ခဲ့ခြင်း၊ ဆုံးဖြတ်ချက် ကန့်သတ်ခြင်းဖြစ်ပါတယ်။ အဲ့ဒီအတိုင်းပဲ ဖြေတဲ့သူကလည်းပဲ မေးခွန်းကို သပ်သပ် တိုက်ရိုက်ဖြေပြီး လိုရင်းတိုရှင်းနဲ့ ကတိဖြစ်နိုင်တဲ့ အဖြေမျိုးတွေဖြစ်ဖို့လိုပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့လွှတ်တော်မှာ မေးချင်တဲ့သူတွေကအများကြီး ရတဲ့အချိန်က နည်းနည်းလေး။ ဒါကြောင့်မို့လို့ သူကတော့ မေးရတယ်။ ကိုယ်ကတော့ မမေးရဘူးဆိုတဲ့ဟာမျိုးတွေ လွှတ်တော်ထဲမှာ အများကြီးအခြေအနေတွေ ပေါ်ပေါက်တာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ အခု ဒီနေ့ အမေးကတော့ အခုနက မေးထားတာက အဓိက သုံးခုပါ။ မြန်မာနိုင်ငံသား နိုင်ငံခြား၌ အလုပ် လုပ်ကိုင်နေသောသူ များ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးအတွက် မည်ကဲ့သို့ဆောင်ရွက်မည်နည်း။ ဒီဟာ ဖြေဖို့လို ပါတယ်။ အဲ့ဒီအတိုင်းပဲ ကိုရီးယားနိုင်ငံ Jeju မြို့တွင် အသတ်ခံရပါက အသတ်ခံရပါသည်ဟု ၎င်း၏ ကျန်ရစ်သူမိသားစုများက ယူဆထားသော ဦးလှမြင့်၏အမှုကိစ္စကို မည်ကဲ့သို့ ဆောင်ရွက်ထားပါ သနည်း။ ဒီတစ်ခုကို သိချင်တဲ့သဘောနဲ့ မေးခြင်းဖြစ်ပါတယ်။ ပြီးတဲ့အခါမှာ နိုင်ငံတော်အစိုးရ အနေဖြင့် ယင်းအသတ်ခံရသောအမှုကိစ္စအတွက် နိုင်ငံတော်ရှေ့နေငှားရမ်းထားခြင်းရှိ/မရှိ သိလိုပါ သည်ဆိုတဲ့ဟာကို မူတည်ပြီးတော့လည်း ဖြေတဲ့အခါမှာလည်း ဒီအပေါ်ပဲ တိုက်ရိုက်ဖြေမယ်ဆိုလို့ရှိရင် မေးတဲ့လူအတွက်ကော၊ ဖြေတဲ့လူအတွက်ကော အချိန်သက်သာပြီးတော့ ကတိဖြစ်စေသော၊ ကတိမ ဖြစ်စေသောကိစ္စများ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာ အချိန်နည်းပါတယ်။

ဖြစ်စဉ်အကြောင်းအရာတွေကို အဓိကမဟုတ်ဘဲနဲ့ မေးတဲ့မေးခွန်းအပေါ် မူတည်ပြီးတော့ ဖြေကြားဖို့ဖြစ်ပါတယ်။ ဒါကြောင့် မေးကြတဲ့ပုဂ္ဂိုလ်များကလည်း ပြည်သူ့ကိုယ်စားလှယ်ပီပီ မိမိတို့ရဲ့ ဂုဏ်သိက္ခာနဲ့ လျော်ညီတဲ့ မေးခွန်းများမေးဖို့။ ထိုနည်းတူစွာပဲ ဖြေကြားရတဲ့သူများကလည်း ပြည်ထောင်စုအဆင့်များဖြစ်တဲ့အတွက် မိမိတို့ရဲ့ ဂုဏ်သိက္ခာနဲ့အညီဖြေနိုင်ဖို့ ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ကဲမေးမြန်းတဲ့ ဒေါ်မိမြင့်သန်းအနေနဲ့ ဖြေတဲ့အပေါ်မှာ ဘာများပြောချင်ပါသလဲ။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ ကျွန်မအနေနဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ယင်းအသတ်ခံရတဲ့အမှုကိစ္စအတွက် နိုင်ငံတော်ရှေ့နေငှားရမ်းထားခြင်း ရှိ/မရှိဆိုတဲ့မေးခွန်းကို ပြန်လည်ဖြေကြားပေးစေချင်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ဒီအမှုကိစ္စနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်ရှေ့နေငှားရမ်းထားခြင်း လောလောဆယ်ဆယ်မှာမရှိပါဘူး။ ကျွန်တော်တို့ သက်ဆိုင်ရာနိုင်ငံက ဥပဒေအကြံပေးတွေ၊ ဥပဒေပညာရှင်တွေ ဒီအလုပ်သမားရေးရာဆောင်ရွက်နေတဲ့ ဥပဒေပညာရှင်တွေနဲ့ဆွေးနွေးပြီးတော့ အကယ်၍ သူတို့မိမိကိုယ်ကိုသတ်သေမှု မဟုတ်ဘဲနဲ့ တစ်ဦးတစ်ယောက်ရဲ့ ပယောဂကြောင့် သေခဲ့တယ်ဆိုရင် တရားစွဲဆိုနိုင်ဖို့ကိုလည်း ကျွန်တော်တို့ သူတို့နိုင်ငံရဲ့ဥပဒေ၊ တည်ဆဲဥပဒေ၊နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေနဲ့ အညီဆောင်ရွက်နိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဒါနဲ့ပတ်သက်လို့ကျွန်တော်တို့ ရှေ့နေချုပ်ရုံးတို့၊ နောက်တရားရေးအဖွဲ့အစည်းများအနေနဲ့လည်း ကျွန်တော်တို့လည်း ဒါနဲ့ပတ်သက်ပြီး ကောင်းကောင်းနားမလည်ပါဘူး။ အခုဒေါ်မိမြင့်သန်းပြောသလို ဒီလိုနိုင်ငံရပ်ခြားမှာ ကျွန်တော်တို့ နိုင်ငံသားတွေ အသတ်ခံရတယ်လို့ ယူဆတယ်ဆိုလို့ရှိရင် ခုနက ရှေ့နေငှားရမ်းဖို့ ကျွန်တော်တို့ နိုင်ငံတော်မှာ ရှေ့နေငှားရမ်းဖို့ တာဝန်ရှိ/မရှိဆိုတာလည်း ကျွန်တော်တို့ အမှန်အတိုင်းမသိပါဘူး။ ဒါကြောင့်မို့လို့ ဒါလည်းကျွန်တော်တို့ သက်ဆိုင်ရာကို သီးခြားခေါင်းစဉ်တစ်ခုအနေနဲ့ မေးပြီးဆောင်ရွက်သွားပါ။

**ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာရွှေ့ပြောင်းလုပ်သားများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ထိခိုက်သေဆုံးနစ်နာမှုများရှိပါက မည်သို့ဖြေရှင်းပေးနေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံကနေ ပြည်ပနိုင်ငံအသီးသီးမှာ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်နေကြသူများဟာ လေးသန်းကနေပြီး တော့ငါးသန်းအထိရှိနေကြတယ်လို့ သိရပါတယ်။ ပြည်တွင်းမှာ ဆင်းရဲတွင်းနက်ပြီးတော့ အလုပ်လက်မဲ့ဖြစ်နေရတဲ့ အထူးသဖြင့် ကျေးလက်နေပြည်သူတွေဟာ ဘဝရပ်တည်ရေးအတွက် ကောက်ရိုးတစ်မျှင်လိုသဘောထားပြီး အလုပ်အကိုင်ရရှိရေး ပြည်ပကိုထွက်ခွာနေကြတာ တစ်နေ့တခြား ပိုမိုများပြားလာနေပါတယ်။ အဲ့ဒီများပြားလာတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေမှာ လုပ်ခလစာအပြည့်အဝမရရှိတာ၊ ရဲကဖမ်းပြီးတော့ ငွေညှစ်တာ၊ လူ့အခွင့်အရေးချိုးဖောက်ခံနေရတာ၊ လုပ်ငန်းခွင်မှာ အန္တရာယ်ရှိနေတာ၊ ထိခိုက်ဒဏ်ရာရရင်လည်းလျော်ကြေးမရတာ၊ စက်ရုံတွေမှာထိန်းသိမ်းခံထားရတာ၊ ငါးဖမ်းစက်လှေပေါ်ရောင်းစားခံရတာ နောက် အုပ်စုဖွဲ့အနိုင်ကျင့်ခံရတာ၊ ရိုက်နှက်ခံရတာတွေနှင့် သေဆုံးမှုတွေအထိ ဖြစ်ပွားနေတာကို တိုင်ကြားစာနဲ့စာနယ်ဇင်းတွေမှာဖော်ပြတာကို မကြာခဏ ကြားသိနေရပါတယ်။ ပြည်ပမှာ ဒုက္ခရောက်ကြတဲ့အခါမှာ မြန်မာသံရုံးက ဖုန်းခေါ်လို့မရ၊ ရပြန်တော့လည်း တာဝန်ရှိအရာရှိကဖုန်းမကိုင် လက်အောက်စာရေးကပဲဖုန်းကိုင်ပြီးတော့ မလိုလားအပ်ဘဲနဲ့ ဝေါက်ငမ်းတာတွေ၊ မဆိုင်တာတွေကိုမေးမြန်းတာနဲ့ လုံလောက်တဲ့အကူအညီမရရှိကြကြောင်းသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စက်ရုံမှာ အဖမ်းအဆီးခံရတာ၊ စက်လှေပေါ်ရောင်းစားခံရတာနဲ့ ပတ်သက်လို့ ကျွန်တော်ကိုယ်တိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးတပ်ဖွဲ့ဗဟိုနဲ့ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် တာဝန်ရှိသူတွေကို အကြိမ်ကြိမ်ဖုန်းဆက်ပြီးတော့ကော လူကိုယ်တိုင်ပါတိုင်ကြား အကူအညီတောင်းခံဖူးပါတယ်။ လုံလောက်တဲ့အကူအညီမရခဲ့ပါ။ လူမှုအဖွဲ့အစည်းတွေနဲ့ဆက်သွယ်ပြီးတော့ ခက်ခက်ခဲခဲလွတ်မြောက်အောင် ဆောင်ရွက်ခဲ့ရပါတယ်။ အခု သနပ်ပင်မြို့နယ်၊ ရေကျော်ကျေးရွာက မလေးရှားနိုင်ငံမှာ တရားဝင်အလုပ်လုပ်တဲ့ မောင်လင်းအောင်ဟာ ကွာလာလမ်ပူမြို့မှာ ၁၃-၁၀-၂၀၁၂ နေ့မှာ ယာဉ်တိုက်မှုနဲ့သေဆုံးသွားခဲ့ပြီးတော့ အလားတူပဲ မလေးရှားမှာအလုပ်သွား

လုပ်တဲ့ မောင်ဝေလင်းဌေးဟာလည်း အလုပ်ကအပြန်မှာ ၂၈-၈-၂၀၁၀ နေ့မှာ ယာဉ်တိုက်မှုနဲ့သေဆုံး သွားခဲ့ပါတယ်။ အဲ့ဒီ သေဆုံးမှုတွေနဲ့ပတ်သက်လို့ သက်ဆိုင်ရာအလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာနတွေကို အသနားခံတိုင်ကြားအကူအညီတောင်းခဲ့ပေမယ့် ကျန်ရစ်တဲ့မိသားစုမှာ နစ်နာ ကြေး၊ အသက်အာမခံကြေးများ အခုထိမရရှိသေးကြောင်း သိရပါတယ်။ သို့ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ သေဆုံးသွားသူ မောင်လင်းအောင်နှင့်မောင်ဝေလင်းဌေးတို့ရဲ့ မိသားစုများ အတွက် ရသင့်ရထိုက်တဲ့နစ်နာကြေးနဲ့ အာမခံကြေးများရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ နဲ့ အလားတူ ပြည်ပနိုင်ငံတွေမှာ အလုပ်အကိုင်လုပ်နေကြတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများရဲ့ လူ့အခွင့်အရေးချိုးဖောက်ခံရမှုနဲ့ ထိခိုက်သေဆုံးနစ်နာနေမှုများရှိပါက မည်သို့ဖြေရှင်းပေးနေသည် ကိုဖြေကြားပေးပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးရုံးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ထပ်လောင်းဆုတောင်း ဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မလေးရှားနိုင်ငံမှာ မြန်မာအလုပ်သမားများ နှစ်သိန်းကျော်ခန့် အလုပ်လုပ်ကိုင်လျက်ရှိပြီး တော့ သက်ဆိုင်ရာနိုင်ငံရဲ့ဥပဒေနှင့်အညီ အကျိုးခံစားခွင့်တွေရရှိစေဖို့နဲ့ လိုအပ်တဲ့အကာအကွယ် စောင့်ရှောက်မှုတွေပေးနိုင်ဖို့အတွက် အလုပ်သမား သံအရာရှိတစ်ဦးကို ၂-၅-၂၀၁၃ ရက်နေ့က စတင် ကာ မလေးရှားနိုင်ငံမြန်မာသံရုံးမှာ တွဲဘက်တာဝန်ပေးအပ်ထားပါတယ်။ အဲ့ဒီသံအရာရှိဟာ မြန်မာ အလုပ်သမားခေါ်ယူလိုတဲ့ မလေးရှားအလုပ်ရှင်များရဲ့ အလုပ်ကမ်းလှမ်းလွှာများကို စိစစ်ခြင်း၊ မြန်မာ အလုပ်သမားများ လုပ်ကိုင်ရမယ့်စက်ရုံ၊ အလုပ်ရုံများကို သွားရောက်စစ်ဆေးခြင်း၊ အလုပ်သမား ရေးရာ ပြဿနာများပေါ်ပေါက်လာပါက ဖြေရှင်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ယခုမေးမြန်းထားတဲ့ မောင်လင်းအောင်နှင့် မောင်ဝေလင်းဌေးတို့နဲ့ပတ်သက်လို့ မောင်လင်းအောင်ဟာ ၁၃-၁၀-၂၀၁၂ ရက်နေ့က မလေးရှားနိုင်ငံမှာ ယာဉ်တိုက်မှုဖြစ်ပွားပြီးတော့ သေဆုံးခဲ့ပါတယ်။ မောင်ဝေလင်းဌေးဟာ ၂၈-၈-၂၀၁၀ ရက်ညက အလုပ်ကအပြန်မှာ ယာဉ်တိုက်မှုကြောင့် သေဆုံးခဲ့ပါတယ်။ ဒီနှစ်ဦးနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့အနေနဲ့ရသင့်ရထိုက်တဲ့ နစ်နာကြေးတွေရဖို့အတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်ကတော့ ဒီ procedure ကြီးကိုတော့ အကုန်လုံးမဖတ်ပြတော့ပါဘူး။ မလေးရှားနိုင်ငံမှာ တရားဝင်အလုပ်လုပ်ခွင့်ရတဲ့ မြန်မာအလုပ်သမားများအတွက် အာမခံရရှိဖို့ အလုပ်ရှင်က အာမခံပေါ်လစီ(Foreign Workers Compensation Scheme) ဝယ်ယူရပါတယ်။ အဲ့ဒီအာမခံပေါ်လစီဟာ လုပ်ငန်းခွင်မှာ အလုပ်ချိန်အတွင်း အလုပ်ကိုအကြောင်းပြုပြီးတော့ ထိခိုက်ဒဏ်ရာရခြင်း၊ ကွယ်လွန်ခြင်းတွေအတွက် အကျုံးဝင်ပါတယ်။ လုပ်ငန်းခွင်မှာထိခိုက်ဒဏ်ရာရပြီး ကွယ်လွန်သူများအတွက် မလေးရှားရင်းဂစ် ၂၂၀၀၀ မှ ၂၅၀၀၀ အထိ လျော်ကြေးငွေရရှိပါတယ်။ အဲ့ဒီလျော်ကြေးငွေရရှိဖို့အတွက် ကြာမြင့်ချိန်က သေဆုံးသူအလုပ်သမားအား သင်္ဂြိုလ်ပြီး ၆ လမှ ၉ လအတွင်းဖြစ်ပါတယ်။ ယခုသေဆုံးသူ မြန်မာအလုပ်သမားများရဲ့ မြန်မာနိုင်ငံရှိမိသားစုများထံသို့ လျော်ကြေးငွေများကို အမြန်ဆုံးပေးနိုင်ရေးအတွက် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနဲ့ အလုပ်သမားသံအရာရှိတို့က သက်ဆိုင်ရာအလုပ်သမားရုံးများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဲ့ဒါနဲ့ပတ်သက်လို့ မောင်လင်းအောင် သေဆုံးခဲ့မှုနှင့်ပတ်သက်လို့လည်း ကျွန်တော်တို့ဆောင်ရွက်နေပြီးတော့ ၂၄-၁၂-၂၀၁၂ ရက်နေ့က သူ့ကိုစေလွှတ်ခဲ့တဲ့ တိမ်ပန်းချီပြည်ပအလုပ်အကိုင်အေဂျင်စီကနေ ငွေကျပ် လေးသိန်းတိတိကို ဂရုဏာကြေးအဖြစ် သေဆုံးသူရဲ့ အဖွားဖြစ်သူဒေါ်စန်းကြည်ထံသို့ ပေးအပ်ခဲ့ပြီးလည်းဖြစ်ပါတယ်။ အခု မောင်လင်းအောင်ရဲ့ သေဆုံးမှုနဲ့ပတ်သက်လို့ အာမခံကြေးရရှိမှုကို ကျွန်တော်တို့ဆောင်ရွက်နေတဲ့အချိန်မှာ လျော်ကြေးငွေအဖြစ် မလေးရှားရင်းဂစ် ၂၃၀၀၀ ခန့် ရရှိမယ်လို့ သိရှိရပါတယ်။ မြန်မာအလုပ်သမားသံအရာရှိက လျော်ကြေးငွေကို မြန်မာနိုင်ငံသို့ ပုံမှန်လမ်းကြောင်းနဲ့ အမြန်ဆုံးပေးနိုင်ဖို့အတွက် မြန်မာသံရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ မောင်ဝေလင်းဌေးနဲ့ပတ်သက်လို့လည်း သူ့မိသားစုက လျော်ကြေးငွေရရှိဖို့ လိုအပ်တဲ့စာရွက်စာတမ်းကို မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနကတစ်ဆင့် မလေးရှားနိုင်ငံ မြန်မာသံရုံးသို့ပေးပို့ခဲ့ပြီး သံရုံးက မလေးရှားနိုင်ငံသက်ဆိုင်ရာအလုပ်သမားရုံးကို ၂၃-၂-၂၀၁၁ ရက်နေ့မှာ ဆက်လက်ပေးပို့ခဲ့ပါတယ်။ ဒါပေမယ့် ဇင်းရဲ့ လျော်ကြေးငွေရရှိရေးနှင့်ပတ်သက်လို့

ပြန်ကြားချက် တစ်စုံတစ်ရာရရှိခြင်းမရှိသေးတဲ့အတွက် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးက မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာအလုပ်သမားရုံးများသို့ ဆက်သွယ်မေးမြန်းဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများနဲ့ ပတ်သက်ပြီးတော့ အကာအကွယ်ကိစ္စနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး ဝန်ကြီးဌာနအနေနဲ့ ပြည်ပမှာရောက်ရှိလုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားများအား အကာအကွယ်ပေး စောင့်ရှောက်နိုင်ဖို့အတွက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီကို ပြည်ထောင်စု ဝန်ကြီး ဥက္ကဋ္ဌအဖြစ်နဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီကော်မတီအောက်မှာ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ၊ အလုပ်သမားများ အကျိုးခံစားခွင့်ရရှိရေးလုပ်ငန်းကော်မတီနှင့် အလုပ်သမားများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းထားပြီး ဒုတိယဝန်ကြီးက ဦးဆောင်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ နောက်ပြည်ပမှာရောက်ရှိနေတဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများ အကာအကွယ်ပေးနိုင်ရေး သက်ဆိုင်ရာနိုင်ငံရဲ့တည်ဆဲဥပဒေအရ အလုပ်သမား ရပိုင်ခွင့်များ၊ အကျိုးခံစားခွင့်များ ပြည့်ဝစွာရရှိရေးနှင့် အလုပ်သမားရေးရာပြဿနာများ ပေါ်ပေါက် လာပါက အချိန်နှင့်တစ်ပြေးညီ ထိရောက်လျင်မြန်စွာဖြေရှင်းပေးနိုင်ရေးအတွက် ကိုရီးယားသမ္မတ နိုင်ငံ၊ ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့မှာ မြန်မာအလုပ်သမားသံအရာရှိများကို ခန့်အပ်တာဝန်ပေး ထားပါတယ်။ ဒါ့အပြင် အလုပ်သမားစေလွှတ်တဲ့ မြန်မာအလုပ်သမားများကို ပြည်ပနိုင်ငံသို့ စေလွှတ် တဲ့ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများကို ကြီးကြပ်နိုင်ဖို့အတွက်လည်း မြန်မာ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်ကို ဖွဲ့စည်းထားပြီးတော့ အလုပ်သမား ပြဿနာများကို သက်ဆိုင်ရာနိုင်ငံရှိ အလုပ်သမားသံအရာရှိများနှင့်ပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက် နေပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့လည်း မျက်ခြေမပြတ် စေလွှတ်ခဲ့တဲ့ ဒီမြန်မာရွှေ့ ပြောင်းအလုပ်သမားကို အေဂျင်စီအနေနဲ့စပြီးတော့ စေလွှတ်တဲ့အချိန်ကစပြီး မြန်မာနိုင်ငံပြန်ရောက် လာတဲ့အထိ အစစအရာရာ တာဝန်ယူဖို့ကိုလည်း ၎င်းတို့ကိုတွန်းအားပေးပြီး ဆောင်ရွက်နေကာ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့လို့ရှိရင်လည်း ချက်ချင်းသွားရောက်ဖြေရှင်းဖို့ သူတို့ကို ဆောင်ရွက် စေပါတယ်။ အကယ်၍ ဒီလိုမျိုး ချက်ချင်းအရေးယူဆောင်ရွက်မှုအားနည်းလို့ မသွားခဲ့ဖူးဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ ထိရောက်တဲ့အရေးယူမှု နောက်ထပ်ရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ဖြေကြားအပ်ပါတယ်။

**ဖာပွန်မြို့ရှိ အထက်တန်းကျောင်းဆောင်များအား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းသန်းနိုင်၊ ဖာပွန်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်ရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်ပြီး ပညာရေး ဝန်ကြီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ်က ရန်ပုံငွေ ၁၉၇ သိန်းကို ခွဲဝေချထား ပေးပြီးဖြစ်တဲ့အပြင် ပြင်ဆင်ရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေပြီ ဖြစ်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ မေးမြန်းခြင်းမပြုတော့ပါဘူး။ ပညာရေးဝန်ကြီးဌာနကို ဒေသခံ ကျောင်းသားမိဘများနှင့် ပြည်သူများကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း တင်ပြရင်းနှင့် အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မာန်အောင်မြို့နယ်ရှိ မူလရုပ်မပေါ်သော အခြေခံမူလတန်းကျောင်း(၁၅)ကျောင်းကို အသစ်ဆောက် လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်စိန်၊ မာန်အောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းနှင့်နှင့် ပြည့်စုံကြပါစေကြောင်း ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့ တင်ပြမှာကတော့ မာန်အောင်မြို့နယ်အတွင်းရှိ နဂိုရုပ်မရှိတော့တဲ့ မူလတန်းကျောင်းများကို အသစ်ဆောက်လုပ်ပေးရေး ကိစ္စပဲဖြစ်ပါတယ်။ ဒီအခြေခံပညာမူလတန်းကျောင်းများ ဆောက်လုပ်ခဲ့တာဟာ နှစ်ပေါင်း ၆၀ ကျော် ရှိပါပြီ။ ကျောင်းဆောက်တဲ့အခါမှာ တောသစ်တွေနဲ့ ဆောက်လုပ်ထားတဲ့အတွက်ကြောင့် သစ်များ ကလည်း ခြစားပါတယ်။ အခင်းအကာတွေလည်း မရှိတော့ပါဘူး။ အမိုးလုံအောင် ကျေးရွာကနေ ပြီးတော့ အလှူခံပြီး မိုးထားတဲ့ကျောင်းများဖြစ်ပါတယ်။

**မူကြမ်း**

အဲ့ဒီကျောင်းတွေကတော့ (အ.မ.က)ဝက်စုနဲ့ လှေဝင်ကျောင်း၊ (အ.မ.က)မကျီးကုန်း၊ သရော်တော၊ ငပိန်ပြင်၊ တေက်ပြင်၊ ဇိုင်ပင်၊ တောင်ရင်း၊ တောင်ပြေ၊ ကျူရွာ၊ မိန်းမကြွယ်၊ တောင်လှောင်ကုန်း၊ ပလင်တောကုန်း၊ အတက်ပြင်၊ ငပုန်ကုန်း၊ ကျွန်းကြားတို့ဖြစ်ပါတယ်။ အထက်ပါကျောင်း ၁၅ ကျောင်းအား ကျောင်းသူ/ကျောင်းသားများအတွက် အလွန်ပင်အန္တရာယ်များပြီးတော့ နဂိုရုပ်မပေါ်တော့တဲ့ကျောင်းများဖြစ်တဲ့အတွက်ကြောင့် ယခုနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြတောင်းခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကလေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ပေးရန်နှင့် အထက်တန်းကျောင်းတစ်ကျောင်း ထပ်မံဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်လှိုင်၊ ကလေးမဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင် ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ဟာ မြို့ပေါ်မှာ ၁၉ ရပ်ကွက်ရှိပြီးတော့ ကျောင်းသားဦးရေ ၂၈၈၃၃ ဦး ပညာသင်ကြားနေကြပါတယ်။ အ.ထ.က သုံးကျောင်းသာရှိတဲ့အတွက် တစ်ကျောင်းမှာကျောင်းသား ၃၀၀၀ ကျော်ကနေပြီးတော့ ၄၀၀၀ ကျော်အထိရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ကျောင်းသားဦးရေကို လျှော့ချဖို့အတွက်မြို့ရဲ့ အနောက်ဘက်ခြမ်းမှာ အ.ထ.က(၄) Sanction သစ်ကျောင်းတစ်ကျောင်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးဖို့လိုအပ်လျက်ရှိကြောင်း တင်ပြခဲ့ကြပါတယ်။

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး သူရဦးရွှေမန်း ချင်းပြည်နယ်ခရီးစဉ် ကလေးမြို့သို့ရောက်ရှိခိုက်မှာ လူထုတွေ့ဆုံပွဲမှာ မြို့မိမြို့ဖများ၊ မြို့နယ်/ခရိုင်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်/ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများရဲ့ ဆွေးနွေးတင်ပြချက်အရ ၂၀၁၄-၂၀၁၅ မှာ အခြေခံကျောင်းများကို အဆင့်မြှင့်တင်ပေးဖို့နှင့် တင်ပြခဲ့တဲ့ ကလေးမြို့ရဲ့အနောက်ဘက်ခြမ်းမှာ အ.ထ.က(၄)အဖြစ် Sanction သစ်ပေးဖို့ကို ဥက္ကဋ္ဌကြီးထံ

မေတ္တာရပ်ခံအကူညီတောင်းခံခဲ့ကြပါတယ်။ အဲ့ဒီတောင်းခံတဲ့ ကျောင်းတွေကတော့ ကျွန်တော် တင်ပြခဲ့တဲ့ ကလေးမြို့အနောက်ဘက်ခြမ်း အ.ထ.က(၄) Sanction သစ်ခွင့်ပြုပေးဖို့ ဖြစ်ပါတယ်။ ဆည်တော်ဦးကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ကို အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးဖို့ဖြစ်ပါတယ်။ ရေရှင်ကျေးရွာ မူလတန်းလွန်ကျောင်းကို အ.လ.က(ခွဲ)အဖြစ် တိုးမြှင့်ပေးဖို့ဖြစ်ပါတယ်။ အ.မ.က(၁၃)မူလတန်းလွန်ကျောင်းကို အ.လ.က(ခွဲ)အဖြစ် တိုးမြှင့်ပေးဖို့ဖြစ်ပါတယ်။ ရာဇဂြိုလ်ကျေးရွာ အ.ထ.က(ခွဲ)ကို အ.ထ.က အဖြစ်တိုးမြှင့်ပေးဖို့ဖြစ်ပါတယ်။ ထိုမာကျေးရွာ အ.ထ.က(ခွဲ)ကို (အ.ထ.က) အဖြစ်တိုးမြှင့်ပေးဖို့ဖြစ်ပါတယ်။ တင်သားကျေးရွာ အ.ထ.က(ခွဲ)ကို (အ.ထ.က) အဖြစ်တိုးမြှင့်ပေးဖို့ဖြစ်ပါတယ်။ အဲ့ဒီကျောင်းတွေဟာ ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ နှစ်ပေါင်းများစွာ ကြိုးစားပြီးတော့မှ အဆောက်အဦ၊ ဆရာ/ဆရာမတို့အား ငှားရမ်းပြီးတော့မှ တည်ထောင်လာခဲ့တဲ့ ကျောင်းများလည်းဖြစ်ပါတယ်။ အဲ့ဒီကျောင်းတွေ အဆင့်မြှင့်တင်ခြင်းကို စဉ်းစားတဲ့နေရာမှာ ကျောင်းသားဦးရေအရလည်းကောင်း၊ ဝေးလံ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ မြစ်ကူးချောင်းများဖြစ်နေခြင်းတို့ကိုလည်းကောင်း၊ မြို့ပေါ်ရပ်ကွက်ဆိုသော်လည်းပဲ ကျောင်းသားငယ်များအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကို ထည့်သွင်းစဉ်းစားပြီးတော့မှ မြို့နယ်/ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်/ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ညှိနှိုင်းတင်ပြထားတာဖြစ်တဲ့အတွက် တင်ပြပါကျောင်းများကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးပေးရန်နှင့် Sanction သစ် (အ.ထ.က)တစ်ကျောင်း ဖွင့်လှစ်ခွင့်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**စီးပွားရေးတက္ကသိုလ်တွင် ဘဏ်လုပ်ငန်းကို အထူးပြုဘာသာရပ်သတ်မှတ်၍ သင်ကြားပေးရန်နှင့် ဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာရက်တိုသင်တန်းများကို ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးသန်းဝင်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်ကိုယ်စား ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်းရဲ့ကိုယ်စား ကျွန်တော် မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးကဏ္ဍသည် စီးပွားရေးနှင့်ဆက်စပ်နေပြီး ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းသည် တိုင်းပြည်

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေကြောင်း လေ့လာသိရှိရပါသည်။ မြန်မာနိုင်ငံသည် ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများအတွင်း ဘဏ်အရေအတွက်အနည်းဆုံးနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများဖွံ့ဖြိုးမှု နိမ့်ကျနေရခြင်းအကြောင်းအရင်းမှာလည်း အဓိက မောင်းနှင်အားဖြစ်သော ကျွမ်းကျင်ဝန်ထမ်းလူ့စွမ်းအားအရင်းအမြစ်မရှိခြင်းနှင့် နည်းပါးခြင်းကြောင့်ဟုလေ့လာသိရှိရပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ စီးပွားရေးတက္ကသိုလ်တွင် ဘဏ်လုပ်ငန်းကို အထူးပြုဘာသာရပ်၊ မေဂျာဘာသာသတ်မှတ်၍ သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက လာမည့်စာသင်နှစ်မှစ၍ ဆောင်ရွက်ပေးနိုင်ရန်နှင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်း၊ အကူအညီများနှင့် ဆောင်ရွက်နေသော ဘဏ်လုပ်ငန်းဆိုင်ရာနည်းပညာ ရက်တိုသင်တန်းများကို အဆက်မပြတ်ဖွင့်လှစ်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ဦးသန်းဝင်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်ကိုယ်စား ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့မဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်လေးဦးရဲ့ မေးမြန်းချက်ကို ပညာရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ပဏာမဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင်က ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ရဲ့ မာန်အောင်မြို့နယ်ရှိ မူလရပ်မပေါ်သော အခြေခံပညာမူလတန်းကျောင်း ၁၅ ကျောင်းကို အသစ်ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအနက်မှ အခြေခံပညာကျောင်းငါးကျောင်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလျာထားချက်ဖြင့် ငွေကျပ် ၁၇၈၂ သိန်း ထည့်သွင်းလျာထားပေးခဲ့ပြီး

ဖြစ်ပါတယ်။ သို့ပေမယ့်လည်း ယခုကိုယ်စားလှယ်တော်ကြီး မေးမြန်းတင်ပြတဲ့ အခြေခံပညာကျောင်း ၁၅ ကျောင်းကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလျာထားချက်မှာ ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒီလိုလျာထားတဲ့နေရာမှာလည်း ကျွန်တော်တို့ဟာ မြေပြင်ကိုဆင်းပြီး စစ်ဆေးပါတယ်။ ကျောင်းသားဦးရေ၊ ကျောင်းမြေပိုင်ဆိုင်မှု၊ ဆရာဆရာမဦးရေစသည်ဖြင့် စစ်ဆေးပြီး အခုကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ဟာတွေကို လိုက်စစ်ဆေးတဲ့အခါမှာလည်း မြေပြင်စစ်ဆေးချက်နှင့် ကိုက်ညီကြောင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ ထပ်မံပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလျာထားချက်စာရင်းမှာ ထည့်သွင်းလျာထားပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်လှိုင်ရဲ့ ကလေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ပေးရန်နှင့် Sanction သစ်အထက်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းဆောင်သစ်တစ်ကျောင်းနှင့် တင်သားအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် ၁၆-၅-၂၀၁၄ ရက်နေ့မှာ အဆင့်တိုးမြှင့်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျန်ရှိသော ရာဇဂြိုလ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ထိုမာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့ဟာ သက်ဆိုင်ရာတိုင်းဒေသကြီးရဲ့ဦးစားပေးအဆင့်မှာ ဒုတိယဦးစားပေးအဆင့် အမှတ်စဉ် (၁၈)နှင့် (၂၂) တို့ဖြစ်တဲ့အတွက် လောလောဆယ်မပါရှိသေးပါဘူးခင်ဗျား။ အဲ့ဒီအပြင် ဆည်တော်ကြီး အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဟာလည်း သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဦးစားပေးအဆင့်မှာ ဒုတိယဦးစားပေးအဆင့်ဖြစ်ပြီး အမှတ်စဉ်(၅၇)မှာ သတ်မှတ်ထားရှိခဲ့တာ စိစစ်တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါ့ကြောင့်မို့လို့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအဆင့်တိုးမြှင့်ရန် စာရင်းမှာ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပထမဦးစားပေးအဆင့်မှာ ပါဝင်ခဲ့ခြင်းမရှိသေးတဲ့အတွက် အထက်

ဖော်ပြပါကျောင်းများကို ကျောင်းအဆင့်တိုးမြှင့်ပေးရန် ဦးစားပေးအစီအစဉ်များကို လာမယ့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ပေးခြင်း ဆောင်ရွက်သည့်အခါမှာ ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း စိစစ်တင်ပြအပ်ပါတယ်။ အမှတ်(၁၃) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ရေရှင်အခြေခံပညာမူလတန်းကျောင်းလွန်တို့အား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် ၅-၆-၂၀၁၄ ရက်နေ့မှာ အဆင့်တိုးမြှင့်ပေးပြီးဖြစ်ပါကြောင်းလည်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဒီနေရာမှာ နားရှုပ်ထွေးသွားမှာစိုးလို့ပြန်လည်တင်ပြပါရစေ။ ကျွန်တော်တို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကျွန်တော်တို့ သဘောထားမှတ်ချက်များကို ရယူပါတယ်။ အဲ့ဒီရဲ့ ဦးစားပေးအဆင့်တစ်ထဲမှာပါတဲ့ဟာတွေကိုတော့ ကျွန်တော်တို့ တိုးမြှင့်ခဲ့ပြီးတော့ ကျန်တဲ့ဟာတွေကိုတော့ ၂၀၁၅-၂၀၁၆ မှာ ကျောင်းအဆင့်တိုးမြှင့်ဆောင်ရွက်တဲ့နေရာမှာ စိစစ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းရဲ့ စီးပွားရေးတက္ကသိုလ်တွင် ဘဏ်လုပ်ငန်းကို အထူးပြုဘာသာရပ်သတ်မှတ်၍ သင်ကြားပေးရန်နှင့် ဘဏ်လုပ်ငန်းများဆိုင်ရာ နည်းပညာရက်တိုသင်တန်းများကို ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို ကျွန်တော်ကပဲ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ ဘဏ်လုပ်ငန်းကို အထူးပြုဘာသာရပ်(မေဂျာဘာသာ) သတ်မှတ်၍ သင်ကြားပေးနေခြင်းမရှိသော်လည်းပဲ ရန်ကုန် စီးပွားရေးတက္ကသိုလ်နှင့် မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်တဲ့ ဘဏ်လုပ်ငန်း ဒီပလိုမာ(Diploma in Banking)သင်တန်းကို ၂၀၀၇ ခုနှစ်မှာလည်းကောင်း၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့(Master of Banking and Finance)သင်တန်းကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိတဲ့အပြင် ရန်ကုန်စီးပွားရေးတက္ကသိုလ်ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများမှာလည်း ဘဏ်လုပ်ငန်းနှင့်ဆက်စပ်လျက်ရှိတဲ့ ဘာသာရပ်များကို စဉ်ဆက်မပြတ် ထည့်သွင်းသင်ကြားပို့ချပေးလျက်ရှိပါတယ်။

MIEDC (Myanmar-India Entrepreneurship Development Centre) မှာ ရက်တိုသင်တန်းများကိုလည်း အခါအားလျော်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိတဲ့အပြင် ဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာရက်တိုသင်တန်းများကို အဆက်မပြတ် ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်

လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ကျူးကျော်ပြဿနာဖြေရှင်းခြင်းအပါအဝင် အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် မြို့သစ်အိမ်ရာမြေကွက်ဖောထုတ်မှုစီမံကိန်းကို ၂၀၁၅ ခုနှစ်ကုန်မတိုင်မီကာလအတွင်း စတင်ဖော်ဆောင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်တင်ပြမှာကတော့ ကျူးကျော်ပြဿနာဖြေရှင်းရေးအပါအဝင် အိမ်ရာလိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ဖို့အတွက် မြို့သစ်အိမ်ရာမြေကွက်ဖော်ထုတ်မှုစီမံကိန်းကို ၂၀၁၅ ခုနှစ်မကုန်မီကာလအတွင်း စတင်ဖော်ဆောင်ပေးနိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရိယာစတုန်းရန်းမိုင် ၂၆၀၀၀၀ ကျော်ကျယ်ဝင်းတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက်ကတော့ လူဦးရေသန်း ၁၀၀ ကျော်ကျော်လောက်ကို ချောင်ချောင်လည်လည်နေရာချထားပေးနိုင်တဲ့အခြေအနေ ရှိပါတယ်။ ၂၀၁၁ ခုနှစ် ဒီမိုကရေစီအစိုးရသစ် တက်လာချိန်မှစပြီးတော့မှ အများဆုံးကြုံတွေ့နေရတဲ့ပြဿနာများ

အနက် အင်အားသုံး၍ ကျူးကျော်အိမ်ရာများ ဖယ်ရှားခြင်းလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ အစိုးရဌာနဆိုင်ရာနှင့် တပ်ပိုင်မြေများအပေါ်မှာ ကျူးကျော်နေထိုင်ကြတဲ့ ပြည်သူများကို အင်အားသုံး ဖယ်ရှားရှင်းလင်းသော သတင်းကတော့ ဒီကနေ့ အများပြည်သူကြားမှာ ပျံ့နှံ့ရိုက်ခတ်လျက်ရှိနေပါတယ်။ လတ်တလောရိုက်ခတ်နေတဲ့ ဖြစ်စဉ်သတင်းအချို့ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်မှာ ရာပေါင်းများစွာ ကျူးကျော်တဲများကို အင်အားသုံးဖယ်ရှားရှင်းလင်းခြင်း၊ အင်းစိန်မီးရထားဝင်းအတွင်းမှာ နှစ်ပေါင်း ၂၀ ခန့်တည်ရှိလာခဲ့တဲ့ ကျူးကျော်တဲအိမ်များကို ဖယ်ရှားရှင်းလင်းခြင်း၊ မင်းဓမ္မပျိုးဥယျာဉ်စိုက်ခင်းများမှ ဖယ်ရှားရှင်းလင်းခြင်း၊ မီးကျောင်းကန်ဒေသနေအိမ်များ ဖယ်ရှားရှင်းလင်းခြင်း၊ လှည်းကူးမြို့နယ် သမီးကလေးကျေးရွာကို ဖယ်ရှားရှင်းလင်းခြင်းနဲ့ အခြားသော ပုဂ္ဂလိက ကုမ္ပဏီပိုင်မြေများမှာ ကျူးကျော်နေထိုင်မှုများကို ဖယ်ရှားရှင်းလင်းခြင်းများ ဖြစ်စဉ်တို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ရန်ကုန်တိုင်းဒေသကြီးနယ်မြေမှာ ကျူးကျော်နေအိမ် ၆၀၀၀၀ ကျော်ရှိတယ်လို့ဆိုပါတယ်။ အဲ့ဒီကနေပြီးမှ ၅၀၀၀ ကျော်ကို ဖယ်ရှားရှင်းပြီးကြောင်း တိုင်းဒေသကြီး လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းခန့်ဟာ အရေအတွက်ဖြင့် ခြောက်သိန်းခန့်ဟာ ကျူးကျော်နေထိုင်သူများ ဖြစ်ကြောင်း တိုင်းဒေသကြီးရဲ့ လွှတ်တော်အစီရင်ခံစာအရ သိရှိရပါတယ်။ ကျူးကျော်ပြဿနာကို ဖြေရှင်းတဲ့နေရာမှာ အဓိကသတိပြုရမယ့်အချက်များကတော့ ကျူးကျော်မိသားစုများ မူလနေထိုင်ခဲ့တဲ့ အရပ်ဒေသ၊ ကျူးကျော်သည့်နေရာသို့ မည်သည့်နည်းလမ်းဖြင့်ရောက်ရှိလာသည်။ ကြာမြင့်ခဲ့သော အချိန်ကာလ၊ အလုပ်အကိုင်အခြေအနေ၊ ကျား/မလူဦးရေစာရင်း၊ မြေနေရာမရှိသောကြောင့် ကျူးကျော်နေထိုင်သူဟုတ်/မဟုတ်၊ လတ်တလောဝါးတိုင်ထူနေရာဦး၊ မြေနေရာရောင်းစားရန် ကျူးကျော်အတုများဟုတ်/မဟုတ် စိစစ်ရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ ကျူးကျော်အတုများကို ဖယ်ရှားရှင်းလင်းတဲ့အပြင် တည်ဆဲဥပဒေအရလည်းပဲ ထိရောက်စွာအရေးယူသင့်ပါတယ်။ ၎င်းတို့နောက်ကနေပြီး ပံ့ပိုးပေးတဲ့ ငွေရှင်ကြေးရှင်များကိုလည်းပဲ ဖော်ထုတ်အရေးယူသင့်ပါတယ်။ အချိန်ကာလအားဖြင့် ငါးနှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ကာလကြာမြင့်စွာ ကျူးကျော်နေထိုင်သူများကို တော့ဖြင့် နေရာသစ်တစ်ခုမှာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနဲ့ ချိတ်ဆက်နေရာချထားပေးဖို့ လိုအပ်ပါတယ်။ ကျူးကျော်အိမ်ထောင်စုများကို အတု၊ အစစ်မခွဲခြားဘဲနဲ့ အင်အားသုံးဖယ်ရှားခြင်းဖြင့်တော့ နိုင်ငံလူ့အဖွဲ့အစည်းသို့ မမျှော်မှန်းနိုင်တဲ့အကျိုးဆက်များ သက်ရောက်လာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ နိုင်ငံတော်မှာ အိမ်ရာပြဿနာကြီးထွားလာနေတာ အားလုံးအသိဖြစ်ပါတယ်။ အဲ့ဒီကိစ္စကို ဖျက်/ရှင်းမှုအစား ဖြေရှင်းမှုကို ဦးတည်စီမံသင့်ပါတယ်။ နိုင်ငံတော်မှ စီမံ

ဖြည့်ဆည်းပေးတဲ့သမိုင်းတွေကို ပြန်လည်တင်ပြရလို့ရှိရင် လွတ်လပ်ရေးရပြီးချိန် ပါလီမန်အစိုးရသစ်လက်ထက်ခေတ်မှာ ပြည်တော်သာစီမံကိန်းဖြင့် အိမ်ရာတည်ဆောက်လုပ်မှုလုပ်ငန်းများကိုလည်း စီမံဖြည့်ဆည်းပေးခဲ့ပါတယ်။ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်မှာလည်းပဲ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာနှင့် သာကေတမြို့သစ်စီမံကိန်းများကိုလည်း ဖော်ဆောင်ပေးခဲ့ပါတယ်။ ၁၉၆၇-၁၉၆၈ ကာလတွေမှာ သုဝဏ္ဏမြို့သစ်စီမံကိန်းကိုလည်းပဲ ဖော်ဆောင်ပေးခဲ့ပါတယ်။ အလားတူ ၁၉၉၀-၁၉၉၅ ခုနှစ်ကာလတွေမှာ မြောက်ဒဂုံ၊ တောင်ဒဂုံမြို့သစ်နှင့် ဒဂုံမြို့သစ်ဆိပ်ကမ်းများကိုလည်း ဖော်ဆောင်ပေးခဲ့ပါတယ်။ ဒီကနေ့ ဒီမိုကရေအစိုးရသစ်လက်ထက်မှာ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများစွာ ဖော်ဆောင်ပေးလျက်ရှိနေတာ အားလုံးမျက်မြင်ကိုယ်တွေ့ပါ။ အဲ့ဒီအခါမှာကျန်နေတဲ့ အိမ်ရာမြေကွက်ဖော်ထုတ်မှုစီမံကိန်းကိုလည်းပဲ အကောင်အထည်ဖော်ပေးဖို့အတွက်ကို ဝင်ငွေနည်းပါးတဲ့ ပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများက မျှော်လင့်နေကြပါတယ်။ ကျွန်တော်တို့ကော်မတီကိုလည်းပဲ ရေးသားတင်ပြလာကြပါတယ်။ တစ်နည်းအားဖြင့်တော့ သမိုင်းကလည်း တောင်းဆိုနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါမှလည်း ကျူးကျော်ပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်၍ တင်ပြပါ ပြည်သူများ မျှော်လင့်တောင့်တနေကြတဲ့ မြို့သစ်အိမ်ရာမြေကွက်ဖော်ထုတ်မှုစီမံကိန်းကို ၂၀၁၅ ခုနှစ် မတိုင်မီ စတင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ပြည်သူများရဲ့လိုရာဆန္ဒကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး သူရဦးအောင်ကိုရဲ့ မေးမြန်းထားတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ ခေတ်အဆက်ဆက်ကျူးကျော်ပြဿနာများကို စနစ်တကျဖြေရှင်းဆောင်ရွက်ရာမှာ ၁၉၅၈ ခုနှစ်မှာတော့ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာနှင့် သာကေတမြို့သစ်သုံးခုကို ဖော်ထုတ်ခဲ့ပါတယ်။ ထို့အတူပဲ ၁၉၆၇ ခုနှစ်မှာ သုဝဏ္ဏမြို့သစ်စီမံကိန်း၊ ၁၉၈၉ ခုနှစ်မှာ

လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ်(အရှေ့၊ တောင်၊ မြောက်၊ ဆိပ်ကမ်း)မြို့နယ်များနှင့် ရွှေပေါက်ကံ၊ ဝေဘာဂီ စသည်တို့ ဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။ မြို့သစ်များမှာ အခြေခံလိုအပ်ချက်များဖြစ်တဲ့ လမ်း၊ ရေမြောင်း၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးစတဲ့ (Physical Infrastructure) များနှင့် စာသင်ကျောင်းများ၊ နေ့ကလေးထိန်းကျောင်းများ၊ အားကစားကွင်းများ၊ မိုးလုံလေလုံအားကစားရုံများ၊ ဈေးများ၊ ဆေးရုံများ၊ မီးသတ်စခန်းများ၊ ဘုန်ကြီးကျောင်းများ စတဲ့ လူမှုရေးအခြေခံအဆောက်အအုံ (Social Infrastructure) များကိုပါ စနစ်တကျထည့်သွင်းရေးဆွဲပြီးတော့ မြို့သစ်နေပြည်သူများ အလုပ်အကိုင်အခွင့်အရေးရရှိရေးအတွက် စက်မှုဇုန်များကိုပါ မြို့သစ်များမှာ ဆက်စပ်ဖော်ထုတ်ပေးခဲ့တာ ဖြစ်ပါတယ်။ ယခုအခါမှာတော့ မြို့ပြများမှာ အလုပ်အကိုင်အခွင့်အလမ်းရရှိရန် ပိုမိုအခွင့်သာလာတဲ့အတွက် လူမှုစီးပွားရေးမြင့်မားစေရန် အခွင့်အလမ်းများရရှိစေရန်တို့အတွက် ကျေးလက်ဒေသနှင့် မြို့ငယ်များမှ ပြည်သူများဟာ မြို့ကြီးများကို ဝင်ရောက်ရွှေ့ပြောင်းလာတာ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ မြို့ပြများဟာ အလျင်အမြန်ကြီးထွားလာတာဖြစ်ပါတယ်။ ဒီအတွက် တစ်နိုင်ငံလုံးမှာရှိတဲ့မြို့များဟာ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်လာတာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်အရ မြို့ပြစီမံကိန်းများကို တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပြီးတော့ မြို့နယ်မှာရှိတဲ့ အထောက်အကူပြုအဖွဲ့များ၊ လွှတ်တော်အဆင့်ဆင့်မှ ကိုယ်စားလှယ်များနှင့် ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ မြို့ပြစီမံကိန်းများ ရေးဆွဲလျက်ရှိပါတယ်။ ဒီလိုရေးဆွဲတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ လူဦးရေတစ်သိန်းအထက်ရှိတဲ့မြို့ကြီးများနှင့် အုပ်ချုပ်ရေးအရ အရေးပါတဲ့ မြို့ကြီး ၅၆ မြို့ကို ကျွန်တော်တို့ Town Plan မြို့ပြစီမံကိန်းများ ရေးဆွဲလျက်ရှိပါတယ်။ ဒီ့အပြင် ကျွန်တော်တို့ ရန်ကုန်မြို့မှာလည်းပဲ တန်ဖိုးသင့်အိမ်ရာများနှင့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ လှိုင်သာယာမြို့နယ်မှာ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းနဲ့ ထီးလှိုင်ရှင် အထပ်မြင့်အိမ်ရာစီမံကိန်းမှာ အခန်းပေါင်း ၂၃၆၀ ခန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှာ ဧရာဝဏ်နဲ့ရတနာ အထပ်မြင့်စီမံကိန်းမှာ အခန်းပေါင်း ၁၉၆၀၀၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်၊ မြရည်နန္ဒာရပ်ကွက်မှာ အခန်းပေါင်း ၁၇၂၈ ခန်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့မှာ အိမ်ခန်းပေါင်း ၆၀ ခန်း၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့မှာ အိမ်ခန်းပေါင်း ၂၀၀ ခန့် ဆောက်လုပ်ရန် စီစဉ်ထားလျက်ရှိပါတယ်။

ဒါ့အပြင် ကျန်ရှိသေးတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာလည်း တန်ဖိုးနည်းအိမ်ရာများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူများရဲ့နေရေး

အတွက် အိမ်ရာများကို ဆောက်လုပ်ပေးတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ပြန်လည်သုံးသပ်တဲ့အခါမှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၇၄-၁၉၈၈ ခုနှစ် ၁၄ နှစ်ကာလအတွင်းမှာ အိမ်ရာယူနစ်ပေါင်း ၁၀၀၀၀ ခန့် ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒီနောက်မှာ တပ်မတော်အစိုးရလက်ထက် ၁၉၈၈-၂၀၁၀ ခုနှစ် ၂၂ နှစ် ကာလမှာတော့ အိမ်ရာယူနစ်ပေါင်း ၅၅၀၀၀ ကျွန်တော်တို့ ဖော်ထုတ်ခဲ့ပါတယ်။ ယခုအစိုးရလက်ထက်မှာ ၂၀၁၁ ကနေ ၂၀၁၅ အထိ ငါးနှစ်ကာလအတွင်းမှာ အိမ်ရာယူနစ်ပေါင်း ၃၅၀၀၀ ခန့်ကို ဆောက်လုပ်ဖြည့်ဆည်းသွားမှာဖြစ်ပြီးတော့ စဉ်ဆက်မပြတ်လည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျူးကျော်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မြို့သစ်များမှာ ယာယီနေရာချထားပေးရေးအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပေါင်းစပ်ပြီးတော့ ၂၀၁၅ ခုနှစ်မကုန်ခင် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တိုင်းဒေသကြီးနှင့် ပြည်နယ်ချင်းဆက်လမ်းမကြီးများ၊ မြို့နယ်ချင်းဆက်လမ်းမကြီးများအား နိုင်ငံတကာလမ်းများကဲ့သို့ စံချိန်စံညွှန်းပြည့်ဝသောလမ်းများဖြစ်ရေး နိုင်ငံတော်မှ မည်သို့သောအစီအမံများဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် နောင်တွင်မည်သည့်အစီအမံများဖြင့် ဆောင်ရွက်သွားမည်ကို သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညို၊ လွိုင်ကော်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်ချင်းဆက်လမ်းမများ၊ မြို့နယ်ချင်းဆက်လမ်းမများ၊ ကျေးရွာချင်းဆက်လမ်းမများကို နိုင်ငံတော်မှ နှစ်စဉ်နှစ်တိုင်းဘတ်ဂျက်များခွဲဝေကာ ဖြန့်ချိလုပ်ကိုင်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်လျက်ရှိသော လမ်းမကြီးများအား နှစ်ရှည်ခံစေလိုခြင်း၊ စံချိန်စံညွှန်းပြည့်ဝစေလိုခြင်း၊ နိုင်ငံတော်မှဘတ်ဂျက်များကို တန်ဖိုးရှိရှိသုံးစွဲစေလိုခြင်း၊ ဒီလမ်းတစ်

လမ်းကိုသာ နှစ်စဉ်ဘတ်ဂျက်တောင်းပြီး ပြီးပြတ်ကောင်းမွန်လာအောင် မဆောင်ရွက်ခြင်းမျိုး မဖြစ်စေလိုဘဲ နှစ်ရှည်ခံနိုင်ရည်ရှိသောလမ်း၊ စံချိန်စံညွှန်းဘတ်ဂျက် အပြည့်အဝသုံးစွဲပြီးကောင်းမွန်သောလမ်းဖြစ်စေရေးနှင့် နိုင်ငံတော်၏ဘတ်ဂျက်များကို ပြည်သူများအပြည့်အဝခံစားနိုင်စေရန် တာဝန်ယူခြင်း၊ တာဝန်ခံနိုင်ခြင်း၊ နှစ်အကန့်အသတ်အထိခိုင်စေလိုခြင်း၊ မြေပြင်ရောက်တာဝန်ရှိသူတို့မှ စစ်ဆေးခြင်း၊ ဂုဏ်ပြုခြင်း၊ အရေးယူဆောင်ရွက်ခြင်းများအပေါ် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့သော အစီအမံများဖြင့် ဆောင်ရွက်နေကြောင်းနှင့် နောင်ဆောင်ရွက်မည့်လုပ်ငန်းများအား သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ကယားပြည်နယ် လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ညိုမှ မေးမြန်းထားတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ တစ်နိုင်ငံလုံးမှာ လမ်းမိုင်ပေါင်း ၉၃၉၉၇ မိုင်ရှိတဲ့အနက် ဆောက်လုပ်ရေးဝန်ကြီးဌာန တာဝန်ယူဆောင်ရွက်တဲ့လမ်းမိုင်ဟာ စုစုပေါင်း ၂၄၉၁၅ မိုင်ရှိတဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ လမ်းမိုင်ပေါင်းရဲ့ ၂၆ ရာခိုင်နှုန်းတာဝန်ယူဆောင်ရွက်ရတာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်မှခွင့်ပြုတဲ့ရန်ပုံငွေအတွင်း ဒေသအားလုံး အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရတဲ့အတွက် မြန်မာနိုင်ငံအတွင်းရှိလမ်းများကို ကျောက်ခင်းသောကတ္တရာလမ်း(Penetration Macadam) အဖြစ်သာ တည်ဆောက်နိုင်ပါတယ်။ ကျောက်ခင်းကတ္တရာလမ်း တစ်မိုင်အတွက် ၂၄ ပေအကျယ်တည်ဆောက်ရာမှာ ခန့်မှန်းခြေအားဖြင့် တန်ဖိုးကျပ် ၆၀၀ သန်း ကုန်ကျတာဖြစ်ပါတယ်။ နိုင်ငံတကာလမ်းများမှာ ကတ္တရာကွန်ကရစ်လမ်း (Asphalt Concrete-AC) လမ်းများကိုသာ အသုံးပြုလျက်ရှိပြီးတော့ တစ်မိုင်ကို အမေရိကန်ဒေါ်လာငါးသန်း (မြန်မာကျပ်ငွေ ၄၈၀၀ သန်း)ကုန်ကျမှာဖြစ်ပါတယ်။ နိုင်ငံတကာလမ်းများရဲ့စံနှုန်းများအရ နှိုင်းယှဉ်ကြည့်ပါက နိုင်ငံတော်အတွင်းလမ်းများအား တစ်မိုင်လျှင် ငွေကြေးအားဖြင့် ရှစ်ပုံတစ်ပုံသာ သုံးစွဲနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့အခြေအနေအရ ခွင့်ပြုသုံးစွဲနိုင်တဲ့ ဘဏ္ဍာငွေပေါ်မူတည်ပြီးဆောင်ရွက်ရတဲ့အတွက် လက်ရှိအခြေအနေမှာ နိုင်ငံတကာစံချိန်မီလမ်းများအဖြစ် တည်ဆောက်နိုင်ရန် အခက်အခဲရှိနေတာဖြစ်ပါတယ်။ ဥပမာအားဖြင့်

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဘဏ္ဍာနှစ်တစ်နှစ်မှာ လမ်းတည်ဆောက်ခြင်းလုပ်ငန်းများ အတွက် ခန့်မှန်းရန်ပုံငွေ ၁၀၀ ဘီလီယံသာ သုံးစွဲနိုင်တဲ့အတွက် နိုင်ငံတကာစံချိန်မီလမ်းများအဖြစ် တည်ဆောက်ပါက နှစ်လမ်းသွားလမ်းကတ္တရာကွန်ကရစ်လမ်းခင်းပါက တစ်နှစ်လျှင် မိုင် ၂၀ ခန့်သာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်တဲ့လမ်းမိုင်ပေါင်း ၂၄၉၁၅ မိုင်ခန့်ရှိတဲ့ အနက်က ၅၁ ရာခိုင်နှုန်းသာလျှင် ကတ္တရာလမ်းအဆင့်ရောက်ရှိပြီး ကျန် ၄၉ ရာခိုင်နှုန်းမှာ မြေလမ်း၊ ကျောက်လမ်းအဆင့်သာရှိသေးတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံတစ်နိုင်ငံ လုံးရှိလမ်းများအားလုံး ကတ္တရာလမ်းအဆင့်ရရှိရေးနှင့် တံတားများအားလုံး သံကူကွန်ကရစ်တံတား ဖြစ်ရေးကို ဦးစားပေး(၁)အဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှာ နိုင်ငံတကာ ဆက်သွယ်ရေးလမ်းမကြီး ၁၅ လမ်းကို နှစ်လမ်းသွားကတ္တရာလမ်းအဆင့်ရောက်ရှိရေးအား ဦးစားပေး(၂)အဖြစ်လည်းကောင်း ဆောင်ရွက်နေရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိတဲ့လမ်းများသက်တမ်းကို ရှစ်နှစ်သတ်မှတ်ပြီးတော့ လမ်းလွှာပုံစံများ တွက်ချက်ထားတာဖြစ်ပါတယ်။ သို့သော်လည်းပဲ လမ်းတည်ဆောက်ရန်အတွက် ရရှိတဲ့ရန်ပုံငွေအရ လမ်းအလွှာအားလုံး မတည်ဆောက်မီ ကားများကို သွားလာခွင့်ပေးရတာကြောင့် သက်တမ်းမပြည့်မီ ပျက်စီးရခြင်းဟာလည်း လမ်းများပျက်စီးခြင်းရဲ့ အခြေခံတစ်ရပ်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက် နေတဲ့လမ်းများအနက် တချို့သောလမ်းတွေဟာ နယ်မြေလုံခြုံရေးအခြေအနေအရ ဝင်ရောက် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် နှစ်ကာလကြာရှည်စွာ ပြင်ဆင်ထိန်းသိမ်းနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အခုအခါမှာတော့ လမ်းတစ်မိုင်ခင်းပြီးပါက အပြည့်အဝအသုံးပြုနိုင် ရန်အတွက် စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ လမ်းများခင်းပြီးပါက အရည်အသွေး ထိန်းသိမ်းရေးအဖွဲ့(Quality Control) အဖွဲ့များနဲ့ စစ်ဆေးပြီးတော့လည်းကောင်း၊ အရည်အသွေး ပြည့်ဝမှုအာမခံချက်လမ်းခင်းကျောက်များကို၊ သဲများကို စစ်ဆေးတဲ့ (Quality Assurance) ပြုလုပ် ပြီးတော့လည်းကောင်း စစ်ဆေးဆောင်ရွက်လျက်ရှိပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ နှစ်ရှည် ခံနိုင်ရည်ရှိတဲ့လမ်း၊ စံချိန်စံညွှန်းဘတ်ဂျက် အပြည့်အဝသုံးစွဲပြီး ကောင်းမွန်တဲ့လမ်းဖြစ်စေရေး နှင့်ပတ်သက်ပြီးတင်ပြရရင် လမ်းတည်ဆောက်တဲ့အင်ဂျင်နီယာများအနေနဲ့ ကမ္ဘာ့အဆင့်မီလမ်းများကို တည်ဆောက်ရန် အရည်အသွေးရှိပါသော်လည်း နိုင်ငံတော်ရဲ့ရသုံးမှန်းခြေရန်ပုံငွေအခြေအနေအရ

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထိန်းသိမ်းရတဲ့ လမ်းမိုင် ၂၄၉၁၅ ခန့်ကို အဆင့်မြှင့်ရာမှာ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုကို တစ်ပြေးညီကတ္တရာလမ်းဖြစ်ရေးအတွက် ကျောက်ခင်းသော ကတ္တရာလမ်းကိုသာ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်။ နောင်တွင် အသားတင်ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product- GDP) မြင့်လာပါက လမ်းတံတားကဏ္ဍမှာ နိုင်ငံတော်ရဲ့ရန်ပုံငွေ ပိုမိုတိုးမြှင့် ခွင့်ပြုလျှင်သော်လည်းကောင်း၊ နိုင်ငံတကာအထောက်အပံ့အကူအညီ ချေးငွေများထပ်မံ ရရှိလျှင်သော်လည်းကောင်း နိုင်ငံတကာမှာတည်ဆောက်တဲ့ လမ်းနည်းစနစ်များကိုပြောင်းလဲပြီး အကုန်အကျခံ တည်ဆောက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော The Whipping Act(1909) (ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေ)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေဆိုခြင်းအစီအစဉ်ပြီးပါပြီ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော The Whipping Act(1909) (ကြိမ်ဒဏ်ပေးခြင်းအက် ဥပဒေ)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ (၃၀-၅-၂၀၁၄ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၅-၆-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ဆွေးနွေးချက်ကို တင်ပြထားတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ မရှိပါ။ ဒါ့ကြောင့် The Whipping Act(1909) (ကြိမ်ဒဏ်ပေးခြင်းအက် ဥပဒေ)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါလားခင်ဗျား။ လွှတ်တော်က သဘောမတူတဲ့သူမရှိတဲ့အတွက် The Whipping Act(1909) (ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေ)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကိုပြင်ဆင်ချက်မရှိ အတည်ပြုကြောင်း ကြေညာပါတယ်။

## ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းခဲ့သည့် ၂၀၁၂ ခုနှစ်၊ အခြေခံပညာရေးဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ မြန်မာစာအဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ ပညာရေးသုတေသနဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ပညာရေးဥပဒေကြမ်းများကို ရုပ်သိမ်းရန် တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းခဲ့သည့် ၂၀၁၂ ခုနှစ်၊ အခြေခံပညာရေးဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ မြန်မာစာအဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ ပညာရေးသုတေသနဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ပညာရေးဥပဒေကြမ်းများကို ရုပ်သိမ်းရန်တင်ပြထားပါတယ်။ ပညာရေးမြှင့်တင်မှုကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမြဦး(အတွင်းရေးမှူး၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ပဏာမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦးဖြစ်ပြီး ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့အတွင်းရေးမှူး လည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ အခြေခံပညာရေးဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ မြန်မာစာအဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ ပညာရေးသုတေသနဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကြမ်းနဲ့ ၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ပညာရေးဥပဒေကြမ်းများကို ရုပ်သိမ်းခွင့်ပြုရန် တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေးတိုးတက်စေရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခေတ်မီပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

ကြောင်း အားလုံးအသိပဲ ဖြစ်ပါတယ်။ ထိုသို့ ပညာရေးပြုပြင်ပြောင်းလဲ တိုးတက်မှု ဆောင်ရွက်ရာမှာ အရေးပါတဲ့ မူကြိုကဏ္ဍမှ အဆင့်မြင့်ကဏ္ဍအထိ အသက်မွေးဝမ်းကျောင်းပညာ အပါအဝင် ကဏ္ဍ အသီးသီးအတွက် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ပညာရေးဥပဒေတစ်ရပ်ဖြစ်သော အမျိုးသား ပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ပြီး ယခုအခါ အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ထိုပေါ်ထွန်းလာမယ့် ဥပဒေနှင့်အညီ ဆင့်ပွားဥပဒေများ အသစ်ပြန်လည်ရေးဆွဲရမည်ဖြစ်ပြီး တော့ ပညာရေးမြှင့်တင်မှုကော်မတီမှ တင်သွင်းထားခဲ့တဲ့ ပညာရေးဥပဒေကြမ်းများဟာ ပင်မအမျိုး သားပညာရေးဥပဒေနဲ့ လိုက်လျောညီထွေမရှိတော့သဖြင့် ရုပ်သိမ်းရန်လိုအပ်သည့်အတွက် ယခုအဆို ကိုတင်ပြရခြင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီက ပညာရေးဝန်ကြီးဌာန မှ တာဝန်ရှိသူများနဲ့ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပြီး ၉-၃-၂၀၁၂ ရက်နေ့က ပညာရေးဥပဒေများဖြစ် ကြတဲ့ (၁) ၂၀၁၂ ခုနှစ်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကြမ်း၊ (၂) ၂၀၁၂ ခုနှစ်၊ အခြေခံပညာရေး ဥပဒေကြမ်း၊ (၃) ၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ပညာရေးဥပဒေကြမ်း၊ (၄) ၂၀၁၂ ခုနှစ်၊ ပညာရေး သုတေ သနဥပဒေကြမ်းနှင့် (၅) ၂၀၁၂ ခုနှစ်၊ မြန်မာစာအဖွဲ့ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်သို့ တင် သွင်းခဲ့ပါတယ်။ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကြမ်းနှင့် အခြေခံပညာရေးဥပဒေကြမ်းတို့မှာ ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှာ ဆွေးနွေးပြီးဖြစ်သော်လည်း ပထမအကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ တက္ကသိုလ်ပညာရေးဥပဒေကြမ်း ဆွေးနွေးစဉ်က ခေတ်စနစ် နှင့်အညီလိုအပ်ချက်များ စဉ်းစားထည့်သွင်းနိုင်ရန် ပညာရေးဥပဒေများ ဆွေးနွေးခြင်းကို ဆိုင်းငံ့ခဲ့ရပါ တယ်။

ပညာရေးဥပဒေများမှာ တစ်ခုနှင့်တစ်ခုဆက်စပ်နေပြီး မြန်မာ့ပညာရေးကို ပြုပြင်ပြောင်းလဲမြှင့် တင်နိုင်ရန် ပညာရေးကဏ္ဍအားလုံး လွှမ်းခြုံနိုင်မယ့် ပင်မဥပဒေပေါ်ထွန်းရေးဟာ အရေးကြီးပါ တယ်။ ဒါ့ကြောင့် ထိုဥပဒေပေါ်ထွန်းရေးအတွက် ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနတို့က ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါပင်မဥပဒေဖြစ်သော အမျိုးသားပညာရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုနိုင်ခဲ့ပြီး အမျိုးသား လွှတ်တော်သို့ ပေးပို့နိုင်ခဲ့ပြီးဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေအတည်ပြုပြီးပါက ဥပဒေပါ ပညာရေးရည်မှန်းချက်များ၊ ပညာရေးအခြေခံမူများနှင့်အညီ ပညာရေးကဏ္ဍအလိုက် ဆင့်ပွားဥပဒေ များ ပေါ်ထွန်းလာတော့မည်ဖြစ်ရာ ဆိုင်းငံ့ထားတဲ့ ပညာရေးဥပဒေများမှာ လိုအပ်တော့မည်မဟုတ်ပါ

သဖြင့် ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းခဲ့သော အထက်ဖော်ပြပါ ဥပဒေကြမ်းငါးခုကို ရုပ်သိမ်းခွင့်ပြုပါရန် လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သီးခြားတင်ပြစရာ မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့်မို့လို့ ရုပ်သိမ်းခြင်းနှင့် ပတ်သက်လို့ သဘောတူပါသလား။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ယခုလည်း ကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေကြမ်းကို ဆွေးနွေးဆဲဖြစ်တဲ့အတွက် ဒါပေါ်ပေါက်လာမယ်ဆိုရင် လိုက်လျောညီထွေဖြစ်တဲ့ ဒီဆက်စပ်တဲ့ဥပဒေများရေးဆွဲရမှာဖြစ်တဲ့အတွက် ရုပ်သိမ်းသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးမြှင့်တင်မှုကော်မတီကရုပ်သိမ်းရန်တင်ပြထားတဲ့ ပညာရေးဆိုင်ရာဥပဒေကြမ်းငါးခုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ၎င်းဥပဒေကြမ်းငါးခုအား ရုပ်သိမ်းရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ အခြေခံပညာရေးဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ မြန်မာစာအဖွဲ့ ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ ပညာရေးသုတေသနဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ပညာရေးဥပဒေကြမ်းများကို ရုပ်သိမ်းရန် အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့(ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၂း၀၅ နာရီအချိန် တွင်ရပ်နားပါသည်။]